

နိုင်ငံရေးခေါင်းဆောင်မှုသင်တန်း အပတ်စဉ်-၆

# နိုင်ငံရေးခေါင်းဆောင်မှု နှင့် ပြည်သူ့သဘောထားအမြင်

ဇူလိုင်လ၊ ၂၀၂၀ ခုနှစ်။

# နိုင်ငံရေးခေါင်းဆောင်မှုနှင့် ပြည်သူ့သဘောထားအမြင်

သန္ဓိအုပ်ချုပ်စီမံမှုအဖွဲ့

တိုက်အမှတ် (၁၈၆)၊ အခန်းအမှတ် (၆၀၂/၆လွှာ)၊ နဝရက်စင်တာ၊ အမှတ် (၁)
ရပ်ကွက်၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉ ၇၃၀ ၇၄၂၁၉

နိုင်ငံရေးခေါင်းဆောင်မှုသင်တန်း အပတ်စဉ် (၆)

# နိုင်ငံရေးခေါင်းဆောင်မှုနှင့် ပြည်သူ့သဘောထားအမြင်


သုတေသနစာတမ်း အယ်ဒီတာအဖွဲ့

ဒေါ်နီလာမြိုင်၊ မဝင်းသူအောင်၊ ကိုမျိုးဇင်ဦး

အတွင်းဒီဇိုင်း ကိုမျိုးဇင်ဦး

ထုတ်ဝေသည့်ကာလ ဇူလိုင်လ၊ ၂၀၂၀ ခုနှစ်။

# မာတိကာ


| | | |
|---|---|---|
| အမှာစာ | | ၇ |
| အခန်း(၁) | သုတေသနမိတ်ဆက် | ၉ |
| အခန်း(၂) | နိုင်ငံရေးခေါင်းဆောင်မှု | ၁၇ |
| အခန်း(၃) | အထွေထွေရွေးကောက်ပွဲများနှင့်ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ကိုင်ဆောင်ရွက်နေမှုအပေါ်အမြင် | ၂၉ |
| အခန်း(၄) | လက်ရှိမြန်မာနိုင်ငံရေးနှင့် နိုင်ငံရေးခေါင်းဆောင်မှု | ၄၂ |
| အခန်း(၅) | အထွေထွေရွေးကောက်ပွဲနှင့် လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်မှု | ၅၅ |
| အခန်း(၆) | သုံးသပ်ချက်နှင့် အကြံပြုချက်များ | ၆၃ |

# သုတေသန ရေးသားပြုစုသူများ



ဇင်မာမိုး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။



ကျာတော့
လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
နမ့်စန်မြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။



စိုင်းမြအောင်
ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။



ကီးဝါ
ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်။



ဇာခြည်မြင့်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။



အောင်ပိုင်စိုး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။



စိုင်းအောင်ပြည့်
ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
မိုင်းပန်မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။



နန့်ချစ်စုလွင်
ကရင်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

## သန္တိအုပ်ချုပ်စီမံမှုအဖွဲ့



နော်မိုရင်းထော်မူးကဘော်ထူး
အမျိုးသမီးကွန်ယက်အဖွဲ့
တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။



သန်းထွဋ်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး



မိသိုက္ခမာ
မွန်ညီညွတ်ရေးပါတီ
မုဒုံမြို့နယ်၊ မွန်ပြည်နယ်။



ထက်သဉ္ဇာလင်း
ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
မန္တလေးတိုင်းဒေသကြီး။



ဂျိမ်းဘီရိုလ်လဲန်း
ဂလိုဘယ်လ်ကမ်းလက်များအဖွဲ့အစည်း
မတူပီမြို့နယ်၊ ချင်းပြည်နယ်။



သိန်းထက်ဝေ
ပြည်သူ့ပါတီ
မင်းဘူး(စကု)မြို့နယ်၊ မကွေးတိုင်းဒေသကြီး။



နန်းတင်ရွှေဦး
ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
ကျောက်တလုံးကြီးမြို့နယ်ခွဲ၊ တောင်ကြီးမြို့နယ်၊
ရှမ်းပြည်နယ် (တောင်ပိုင်း)။



သက်သက်ချို
ထားဝယ်အမျိုးသမီးသမဂ္ဂ
ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။



မင်းကင်းမွန်
မွန်ညီညွတ်ရေးပါတီ
မုဒုံမြို့နယ်၊ မွန်ပြည်နယ်။



စိုင်းနေမျိုးလှိုင်
တိုင်းလိုင်(ရှမ်းနီ)အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
ဖားကန့်မြို့၊ ကချင်ပြည်နယ်။

## သုတေသနစာတမ်းရေးသားရာတွင် ကူညီပံ့ပိုးပေးသူများ



ဇင်မင်းဖြိုး
ပြည်သူ့ပါတီ
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



ဟိန်းထက်ဇော်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မြန်အောင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။



အောင်ချစ်စိုး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။



တူးမိုင်
ကချင်ပြည်နယ်ပြည်သူ့ပါတီ
မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။



မင်းတေဇ
ပြည်သူ့ပါတီ
ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

## သုတေသနအချက်အလက် ကူညီရှာဖွေကောက်ခံပေးသူများ



အိအိဖြိုး
အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်
မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။



စိုးသိန်း
ရခိုင်အမျိုးသားပါတီ
အမ်းမြို့၊ရခိုင်ပြည်နယ်။

## အမှာစာ

သန္ဓိစွမ်းရည်မြှင့်တင်ရေးအဖွဲ့ (Sandhi Governance Institute)မှ နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းကိုနှစ်စဉ် ကျင်းပခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင် အပတ်စဉ် (၆)သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ သင်တန်းသား/သူများသည် အနယ်နယ် အရပ်ရပ်မှ ရန်ကုန်မြို့သို့ (၄) ကြိမ်လာရောက်ပြီး (၁) ကြိမ်လျှင် ရက်သတ္တပတ် (၂)ပတ်တက်ရောက် သင်ကြားရပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် သင်တန်းများအတွင်း လူမှုသုတေသန ဘာသာရပ်နှင့် သု တေသန အချက်အလက် ကောက်ယူနည်းများကို စနစ်တကျ လေ့လာသင်ယူရပါသည်။ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ရန်ကုန်သို့ သင်တန်းတက်ရန်ပြန်လာသည့်အခါတွင် သုတေသန အချက်အလက်များကို မိမိတို့ သက်ဆိုင်ရာနယ်မြေများတွင် ကောက်ယူခဲ့ပြီး ယင်းအချက်အလက်များကို ပေါင်းစုခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သုတေသန အစီရင်ခံစာ ရေးသားခြင်းတို့ကို မဖြစ်မနေ လုပ်ဆောင်ကြရပါသည်။

ယခုအကြိမ်ပြုလုပ်သည့် သုတေသနကို နိုင်ငံရေးခေါင်းဆောင်မှုဆိုသည့် ခေါင်းစဉ်ဖြင့် ပြည်သူလူထု၏ နိုင်ငံ၏အရေးအရာများကို တာဝန်ယူဆောင်ရွက်မည့် နိုင်ငံရေးခေါင်းဆောင်များအပေါ် အမြင်သဘောထားကို စစ်တမ်းကောက်ယူ၍ လေ့လာသုံးသပ်ခဲ့ပါသည်။ လူတွေ့မေးမြန်းမှုများလည်း ပြုလုပ်ခဲ့သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၄)ခုမှ ဖြေဆိုသူ စုစုပေါင်း ၇၉၃ (စစ်တမ်း ၆၂၂ + လူတွေ့ ၁၇၁)ဦးရှိပြီး ယင်းတို့၏ဖြေဆိုမှုများမှ တွေ့ရှိချက်များမှာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ရည်ရွယ်သည်မှာ သုတေသနတွေ့ရှိချက်များကို နိုင်ငံရေးခေါင်းဆောင် ရာထူးတာဝန်ယူမည့်သူများ၊ ရာထူးတာဝန်ရယူရန် ရည်ရွယ်ချက်ရှိသူများအနေဖြင့် လေ့လာသုံးသပ်၍ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းများမှ တဆင့် ပြည်သူလူထု သဘောထားအမြင်နှင့်ကိုက်ညီစွာ ပြုမူဆောင်ရွက်ခြင်းအားဖြင့် သက်ဆိုင်ရာပါတီများ၏ စွမ်းဆောင်ရည်များ မြင့်မားလာမည်ဖြစ်သလို၊ ပြည်သူလူထု စိတ်တိုင်းကျ ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးခေါင်းဆောင်များ ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့်လည်း မည်သို့သော နိုင်ငံရေးခေါင်းဆောင်မျိုးကို ပြည်သူလူထု လိုလားသည်ဆိုသည်ကို ကောင်းစွာ နားလည်သဘောပေါက်ခြင်းအားဖြင့် မိမိတို့ပါတီများအတွင်း ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာရန် မည်သည့် စံတန်ဖိုးများအပေါ် အခြေခံ၍ လေ့ကျင့်ပျိုးထောင်ရမည်ဆိုသည်ကို သိရှိသဘောပေါက်ပြီး ပါတီ၏မူဝါဒလုပ်ငန်းစဉ်များတွင် ထည့်သွင်းစဉ်းစားသွားနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤသုတေသန အစီရင်ခံစာကို စစ်တမ်းကောက်ယူခြင်း၊ လူတွေ့မေးမြန်းခြင်းနှင့် ဆန်းစစ်လေ့လာ၍ ပြုစုရေးသားကြသည့် သင်တန်းသား/သူများကိုယ်တိုင်က နိုင်ငံရေးပါတီများမှဖြစ်ပြီး အနာဂတ်၌ ခေါင်း ဆောင်တာဝန်များ ရယူရန် ရည်ရွယ်ချက်ထားရှိသူများဖြစ်သည့်အတွက် ယင်းတို့အနေဖြင့်လည်း ပြည်သူလူထု၏အမြင်သဘောထားကို သိရှိနားလည်သွားသလို၊ မည်ကဲ့သို့ ပြုမူနေထိုင်ရမည်ကိုလည်း ကောင်းစွာသိရှိသွားပြီဟုယူဆနိုင်ပါသည်။ ထို့အတွက်ကြောင့် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၌ နိုင်ငံရေးပါတီများ အင်အားတောင့် တင်းခိုင်မာလာရေး၊ စွမ်းဆောင်ရည်မြင့်မားလာရေးနှင့် နိုင်ငံရေးခေါင်းဆောင်ကောင်းများ ပေါ်ထွန်းရေးကို တစ်ဒေါင့်တစ်နေရာမှ အကျိုးပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။ နောက်ဆုံးအနေဖြင့် မအားလပ်သည့်ကြား၊ နေ့စဉ်သင်တန်းအချိန်များကြားမှ ဤအစီရင်ခံစာကို ပြုစုရေးသားကြသည့် သင်တန်းသား/သူများနှင့် သက်ဆိုင် ရာဆရာ/မများအားလုံး၊ ဝိုင်းဝန်းကူညီသူအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုက်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာ
သန္တိအုပ်ချုပ်စီမံမှုအဖွဲ့

# အခန်း (၁)
# သုတေသနမိတ်ဆက်

## မိတ်ဆက်

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ တခဲနက်အားပေးမှုဖြင့် အာဏာရရှိလာခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအစိုးရ၏ သက်တမ်းသည် ၂၀၂၀ နိုဝင်ဘာလတွင် ကျင်းပတော့မည့် ပါတီစုံအထွေထွေရွေး ကောက်ပွဲနှင့်အတူ ကုန်ဆုံးတော့မည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့်လည်း ၂၀၁၅ ခုနှစ်တွင် မဲပေးခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံ၍ လာမည့်ရွေးကောက်ပွဲအတွက် မည်သို့သော နိုင်ငံရေးခေါင်းဆောင်များက မိမိတို့ကို ကိုယ်စားပြုနိုင်မည့်၊ မိမိတို့အားကိုးအားထား ပြုနိုင်မည့် လိုလားသည့်မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ပေးမည့် အစိုးရများ ပေါ်ထွက်လာအောင် မည်သို့ရွေးချယ်သင့်သည်ကို သေချာစွာစဉ်းစားဆုံးဖြတ် ရွေးချယ်နိုင်ရန်လိုအပ်လှသည့် ဒီမိုကရေစီစနစ်ဖြင့် အသားကျရန်ကြိုးစားနေသည့် မြန်မာနိုင်ငံရှိ ပြည်သူများအနေဖြင့် နိုင်ငံရေးတွင် စိတ်ပါဝင်စားမှုလည်း ယခင်က ထက်ပို၍ မြင့်မားလာသည်ကို သုတေသနအချက်အလက်များအရ တွေ့ရှိနိုင်ပါသည်။ ထိုသို့နိုင်ငံရေးတွင် စိတ်ပါဝင်စားမှုမြင့်မားလာသည်နှင့်အမျှ မိမိတို့ရွေးချယ်တင်မြှောက်ထားသည့် အစိုးရ၏မူဝါဒများနှင့် လုပ်ဆောင်ချက်များ ကိုလည်းလေ့လာစောင့်ကြည့်နေသည်ကိုလည်းတွေ့ရှိရသည်။ ထို့အပြင် ရွေးကောက်ပွဲမှ မိမိတို့၏ ဆန္ဒမဲများဖြင့် ရွေးကောက်ခံရသည့် လွှတ်တော်ကိုယ် စားလှယ်များသည် ပြည်သူလူထု၏လိုအပ်ချက်များ၊ ဆန္ဒများကို အစိုးရသို့ အဓိကတင်ပြပေးရန် တာဝန်ရှိသည်ဟုလည်း ထင်မြင်ယူဆကြသည်။ မိမိတို့၏ လိုလားချက်များ၊ မိမိတို့ဒေသများတွင် ဖြစ်ပေါ်နေ သည့် ပြဿနာများကို ဦးဆောင်ဖြေရှင်းပေးနိုင်မည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများ၊ နိုင်ငံရေးခေါင်းဆောင်ကောင်းများကိုလည်း ပေါ်ထွက်လာစေချင်ကြ သည်။

ယခုလက်ရှိအစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေးစသော ရုပ်ပိုင်းဆိုင်ရာ အပြောင်းအလဲများ အစိုးရသက်တမ်း (၅)နှစ်အတွင်း သိသိသာသာတိုးတက်ပြောင်းလဲလာသော်လည်း အခြားသော ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်နေသေးသည်။ အစိုးရတစ်ရပ်အနေဖြင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ နိုင်ငံသားများအတွက် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖွံ့ဖြိုး

တိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် ကဏ္ဍများတွင်လည်း တိုးတက်ဖွံ့ဖြိုးရန်အတွက် လုပ်ဆောင်ရန်လည်း လိုအပ်သည်။ ပြည်သူများအနေဖြင့် မိမိတို့၏ လိုအပ်ချက်၊ လိုလားချက်၊ တောင်းဆိုချက်များကို မားမားမတ်မတ်ရပ်တည်၍ ဖြေရှင်းပေးနိုင်သော ကိုယ်စားလှယ်များ ပေါ်ထွက်လာစေရန်သာမက နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးကို အလေး ပေးဆောင်ရွက်ပေးနိုင်သည့် အနာဂါတ်ခေါင်းဆောင်ကောင်းများကို လိုလား တောင့်တနေကြသည်။

ထို့ကြောင့် သန္တိအုပ်ချုပ်စီမံမှုသင်တန်းကျောင်းမှ ဦးစီးဖွင့်လှစ်လျှက်ရှိသော နိုင်ငံရေးခေါင်းဆောင်မှုသင်တန်း အပတ်စဉ် (၆) တွင် တက်ရောက်နေကြသည့် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်နေသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ သင်တန်းသူ၊ သင်တန်းသားများသည် သတင်းအချက်အလက်များကို အခြေခံ၍ မူဝါဒများပြုပြင်ပြောင်းလဲရန် အရေးဆိုခြင်း (Evidence-Based Policy Advocacy) သင်ခန်းစာအတွက် သုတေသနပြုလုပ်ရန် ခေါင်းစဉ်ကို ရွေးချယ်ရာ၌ “နိုင်ငံ ရေးခေါင်းဆောင်မှုနှင့် ပြည်သူ့သဘောထားအမြင်” ဆိုသည့် ခေါင်းစဉ်ကို သုတေသနပြု အချက်အလက်ကောက်ခံရန် ရွေးချယ်ခဲ့ကြသည်။ ၂၀၂၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလနှင့် တိုက်ဆိုင်နေသည့်အတွက် နိုင်ငံရေးခေါင်းဆောင်မှုနှင့် နိုင်ငံရေးခေါင်းဆောင်ဆိုသည့် အဓိပ္ပါယ်နှင့် အမြင်သဘောထားများကို မြန်မာနိုင်ငံသူ/ နိုင်ငံသားများ နားလည် သဘောပေါက် လက်ခံထားပုံကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။ နိုင်ငံရေးခေါင်းဆောင်မှုနှင့်ပတ်သက်၍ သင်တန်းသူ၊ သင်တန်းသားများသည် စိတ်ပါဝင်စားသည့် အကြောင်းအရာများကို ရွေးချယ်ကြရာ၌ ၁) အထွေထွေရွေးကောက်ပွဲများနှင့် ရွေးကောက်ခံကိုယ်စားလှယ်များ၏ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေပေါ်အမြင် ၂) လက်ရှိမြန်မာနိုင်ငံရေးနှင့် နိုင်ငံရေးခေါင်းဆောင်မှု ၃) နိုင်ငံရေးခေါင်းဆောင်မှုနှင့် ၄) အထွေထွေရွေးကောက်ပွဲနှင့် လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်မှုတို့နှင့်ပတ်သက်၍ အဓိကမေးခွန်းများတည်ဆောက် မေးမြန်းခဲ့ကြပါသည်။ ရရှိလာသည့်သုတေသနအချက် အလက်များနှင့် နိုင်ငံရေးပါတီစုံနှင့် အဖွဲ့အစည်းပေါင်းစုံမှသင်တန်းသူ/သားများ၏ ဆွေး နွေးချက်များအပေါ် အခြေခံ၍ ဤသုတေသနစာတမ်းကို ရေးသားတင်ပြအပ်ပါသည်။

## ၁.၁ သုတေသနပြုလုပ်ရသည့် ရည်ရွယ်ချက်

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီစနစ်၊ နိုင်ငံရေးဟူသည့် ဝေါဟာရအသုံးအနှုန်းများကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုနိုင်ခွင့် ပြန်လည်ရရှိခဲ့သည်မှာ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ချိန်မှသာဖြစ်သည့်အတွက် ၁၀ နှစ်မျှသာရှိသေးသည်။ ထိုကဲ့သို့ နိုင်ငံရေးအတွေ့အကြုံနုနယ်သေးသော နိုင်ငံတစ်နိုင်ငံအနေနှင့်

- ❖ မြန်မာ့နိုင်ငံရေးလောကရှိ နိုင်ငံရေးပါတီအသီးသီးမှ နိုင်ငံရေးသမားများအနေဖြင့် နိုင်ငံရေးခေါင်းဆောင်မှု ဆိုသည့်အဓိပ္ပါယ်ကို ပိုမိုလေးနက်စွာ စဉ်းစားသုံးသပ်နိုင်ရန်။
- ❖ မိမိတို့၏မဲဆန္ဒရှင်ပြည်သူလူထု၏ နိုင်ငံရေးခေါင်းဆောင်မှုအပေါ် အမြင်သဘော ထားအယူအဆများကို နားလည်သိရှိသဘောပေါက်ပြီး ချိန်ဆနိုင်ကြစေရန်။
- ❖ နိုင်ငံရေးသမားကောင်းတစ်ယောက်တွင်ရှိသင့်သည့် သွင်ပြင်လက္ခဏာများကို သိရှိနားလည်စေရန်။
- ❖ နိုင်ငံရေးခေါင်းဆောင်မှုရှုထောင့်မှ လက်ရှိနိုင်ငံရေးအခင်းအကျင်းနှင့် နိုင်ငံရေးပါတီများအပေါ် ပြည်သူများ၏အမြင်၊ တိုင်းပြည်၏ တိုးတက်မှုအခြေအနေများကို သေချာစွာနားလည်သဘောပေါက်ကြပြီး၊ နိုင်ငံရေးပြဿနာများကို အဖြေရှာရန်နှင့် အခွင့်အလမ်းကောင်းများကို ဖော်ထုတ်ရန်။
- ❖ သုတေသနအချက်အလက်များအပေါ် အခြေခံ၍ စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံရေးပါတီများ /အဖွဲ့အစည်းများ ဖြစ်လာစေရန်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအတွက် ပြည်သူလူထုအားကိုယ်စားပြုနိုင်သော ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးခေါင်းဆောင်ကောင်းများ၊ ရွေးချယ်လေ့ကျင့်ပျိုးထောင်ပေးသည့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်နိုင်ကြခြင်းဖြင့် ပါတီစုံဒီမိုကရေစီစနစ်အား ကောင်းလာစေရန် ရည်ရွယ်၍ ဤသုတေသနကို ပြုလုပ်ခဲ့ပါသည်။


## ၁.၂ သုတေသနပြုလုပ်ခဲ့သည့် နည်းလမ်းများ

| စဉ် | သုတေသနအမျိုးအစား | ဦးတည်မေးမြန်းမည့်သူများ | အရေအတွက် |
|---|---|---|---|
| ၁။ | အွန်လိုင်းစစ်တမ်း (google forms) ဖြင့်ကောက်ယူခြင်း | ပြည်သူလူထု | ၆၂၂ ဦး |
| ၂။ | အကြောင်းအရာနှင့်ပတ်သက်ပြီး သိရှိဆွေးနွေးပေးနိုင်ကြသူများ တစ်ဦးစီမေးရန် **Key Informant Interview (KII)** | နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးလေ့လာစောင့် ကြည့်သူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ/ပရဟိတအသင်းဝင်များ၊ လူငယ်အဖွဲ့ဝင်များ၊ ဆရာ/ဆရာမများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန် ထမ်းများ၊ အစိုးရဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ကျောင်းသား/သူများ | ၁၁၄ဦး |
| ၃။ | အုပ်စုဖွဲ့မေးမြန်းခြင်း **Focus Group Discussion (FGD)** | နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပါတီဝင်များ၊ ကြက်ခြေနီအသင်းဝင်များ။ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ။ လူငယ်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့ဝင်များ၊ ပရဟိတအသင်းဝင်များ၊ | ၅၇ ဦး |


သုတေသနမေးခွန်းများကို ပြင်ဆင်ရာတွင် မေးခွန်းများအား တင်ကြိုစမ်းသပ်မေးမြန်းမှု (pre-test) ပြုလုပ်ပြီးမှ စစ်တမ်းမေးခွန်းများ၊ တစ်ဦးချင်းနှင့် အဖွဲ့လိုက်မေးမြန်းရမည့်မေးခွန်းများကို အတည်ပြုခဲ့ပါသည်။

## ၁.၃ သုတေသနဆိုင်ရာအချက်အလက်များ


သန္တိအဖွဲ့နှင့် သင်တန်းသူ/သင်တန်းသားများက Google Forms ကို အသုံးပြု စစ်တမ်းကောက်ယူခြင်း၊ မိမိတို့နေထိုင်ရာဒေသများတွင် တွေ့ဆုံမေးမြန်းခြင်း (interview)နှင့် အုပ်စုဖွဲ့ဆွေးနွေး မေးမြန်းခြင်း (Focus Group Discussion) နည်းလမ်းများကို အသုံးပြု၍ မတ်လမှ ဇွန်လအတွင်း ကိုဗစ် – ၁၉ ကာလအကန့်အသတ်များကြားမှ နိုင်ငံရေးခေါင်းဆောင်မှု သင်တန်းအပတ်စဉ် – ၆ မှသင်တန်းသူ/သင်တန်းသားများသည် သုတေသနပြု မေးမြန်းမှုများပြုလုပ်ခဲ့ကြပါသည်။ သုတေသနတွေ့ရှိချက်များ၊ သင်တန်းသူ/သားများ၊ သန္တိအဖွဲ့နှင့် သင်တန်းဆရာ/ဆရာမတို့၏ ဆွေးနွေးချက်များအားလုံးကို ပေါင်းစပ်၍ ဤသုတေသနကို သင်တန်းသူ/သင်တန်းသားများက စုစည်းရေးသားခဲ့ကြခြင်း ဖြစ်ပါသည်။




ပုံ ၁.၁ – ဖြေဆိုသူများ၏ ကျား/မ ရာခိုင်နှုန်း




ပုံ ၁.၂ – သုတေသနတွင် ပါဝင်ဖြေဆိုခဲ့သူများ၏ အသက်အပိုင်းအခြား





ပုံ ၁.၃ – သုတေသနတွင် ပါဝင်ဖြေဆိုခဲ့သူများ၏ အသက်မွေးကျောင်းလုပ်ငန်းများနှင့် အလုပ်အကိုင်များ

ဖြေဆိုခဲ့သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အလုပ်အကိုင်များမှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူဟု ဖြေဆိုသူ ၁၅.၆ ရာခိုင်နှုန်းရှိပြီး၊ ၁၃.၈ ရာခိုင်နှုန်းသည် NGO/ CSOs လုပ်ငန်းလုပ်ကိုင်ကြသူများ၊ ၁၃ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်ကြသည်။ ထိုအပြင် ဖြေဆိုသူ၏ ၁၂.၉ ရာခိုင်နှုန်းသည် နိုင်ငံရေး လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသူများ ဖြစ်ကြသည်။ ၁၀ ရာခိုင်နှုန်းသည် ကျောင်းသား/ကျောင်းသူများဖြစ်ကြပြီး၊ ၈.၄ ရာခိုင်နှုန်းသည် ပြင်ပဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းအဖြစ် အလုပ်လုပ်ကိုင်နေသူ ၈ ရာခိုင်နှုန်းကို

လည်း သုတေသနပြုလုပ်ရာတွင် မေးမြန်းခဲ့ပါသည်။ ဤသုတေသနတွင် အိမ်ရှင်မ ၄.၂ ရာခိုင်နှုန်း၊ ဈေးသည် ၃.၅ ရာခိုင်နှုန်း၊ ကျပန်းအလုပ် လုပ်ကိုင်ဆောင်ရွက်နေသူ ၃.၄ ရာခိုင်နှုန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူ ၁.၆ ရာခိုင်နှုန်းကို လည်း ထည့်သွင်းမေးမြန်းခဲ့ပါသည်။ အခြား ၆.၆ ရာ ခိုင်နှုန်းမှာ ဘာသာရေးခေါင်း ဆောင်များနှင့် လက်လုပ်လက်စားသမားများ ဖြစ်ကြပါသည်။

## ပြည်နယ်နှင့်တိုင်းအလိုက် သုတေသန ဖြေဆိုသူဦးရေ




| ပြည်နယ်/တိုင်းဒေသကြီး | စစ်တမ်းဖြေဆိုသူ ဦးရေ | လူတွေ့သုတေသန မေးမြန်းခဲ့သူဦးရေ | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| ကချင်ပြည်နယ် | ၈၆ | ၇ | ၉၃ |
| ကယားပြည်နယ် | ၂ | | ၂ |
| ကရင်ပြည်နယ် | ၇ | | ၇ |
| ချင်းပြည်နယ် | ၁၃ | ၂၅ | ၃၈ |
| မွန်ပြည်နယ် | ၄၈ | ၂၀ | ၆၈ |
| ရခိုင်ပြည်နယ် | ၅၁ | | ၅၁ |
| ရှမ်းပြည်နယ် | ၁၀၃ | ၄၇ | ၁၅၀ |
| ဧရာဝတီတိုင်းဒေသကြီး | ၉၀ | ၃၃ | ၁၂၃ |
| ပဲခူးတိုင်းဒေသကြီး | ၂၇ | ၈ | ၃၅ |
| မန္တလေးတိုင်းဒေသကြီး | ၂၃ | ၄ | ၂၇ |
| မကွေးတိုင်းဒေသကြီး | ၁၇ | ၆ | ၂၃ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၁၅ | ၆ | ၂၁ |
| ရန်ကုန်တိုင်းဒေသကြီး | ၉၆ | | ၉၆ |
| တနင်္သာရီတိုင်းဒေသကြီး | ၄၄ | ၁၅ | ၅၉ |
| စုစုပေါင်း | ၆၂၂ | ၁၇၁ | ၇၉၃ |

# အခန်း (၂)
# နိုင်ငံရေးခေါင်းဆောင်မှု

## ၂.၁ နိုင်ငံရေးခေါင်းဆောင်မှုအပေါ်ပြည်သူလူထု၏ သဘောထားအမြင်

သုတေသနတွင် တွေ့ဆုံမေးမြန်းခဲ့သူများက ဖြေဆိုကြရာ၌ နိုင်ငံရေးခေါင်းဆောင်မှုဆိုသည်မှာ စီမံခန့်ခွဲမှုကောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ စည်းရုံးရေးကောင်းခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းခြင်း၊ ပြည်သူလူထုအား ဆက်သွယ်ပြောဆိုမှုကောင်းခြင်း၊ ဥပဒေနားလည်ခြင်း၊ နိုင်ငံရေးသဘောတရားများကို ကျွမ်းကျင်ပိုင်နိုင်ခြင်း စသည့်ကျွမ်းကျင်မှုများသာကမ တာဝန်ယူ၊ တာဝန်ခံမှု၊ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျိုး စွန့်အနစ်နာခံမှု၊ အမျော်အမြင်ကြီးမှုတို့ဖြင့် မတူကွဲပြားမှုများကို နားလည်လက်ခံပေးနိုင်ပြီး အဆိုးအကောင်း အကျိုးအကြောင်းကို ဝေဖန်ထောက်ရှုကာ ပြည်သူများအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းဥပဒေများကို ချမှတ်ပေး၍ ပြည်သူအကျိုးကို မျက်နှာမူဆောင်ရွက်နိုင်ရန် လိုအပ်သည်ဟု ယေဘုယျ အားဖြင့် ဖြေဆိုကြသည်။


> "ခေါင်းဆောင်ဆိုတာ အဖွဲ့အစည်းခေါင်းဆောင်၊ တိုင်းပြည်ခေါင်းဆောင်၊ တပ်မတော် ခေါင်းဆောင် ဆိုတာရှိတယ်။ ကောင်းခြင်းဆိုးခြင်းကို တာဝန်ယူတာဝန်ခံအပြည့်ယူနိုင်ရမယ်။ အောက်ခြေအထိအခြေအနေများကို သိနိုင်ရမယ်။"
>
> **တတ်သိပညာရှင်တစ်ဦး၊တောင်ကြီးမြို့၊ရှမ်းပြည်နယ်**

ပြည်သူအများက ခေါင်းဆောင်အပေါ် အမြဲအားကိုးမှီခိုခြင်းထက် မိမိကိုယ်ကို ယုံကြည်အားကိုးတတ်အောင် ဦးဆောင်လမ်းပြပေးခြင်းနှင့် မျိုးဆက်သစ်များကို ပြုစုပျိုးထောင် လက်ဆင့်ကမ်းခြင်းများဖြင့် ပြည်သူနှင့်မကင်းကွာပဲ ပြည်သူလူထုယုံကြည်အားထားရသော ခေါင်းဆောင်မှုရှိရမည်ဟု ဖြေဆိုကြသူအချို့လည်းရှိသည်။

မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းသားလူမျိုးပေါင်း(၁၃၀)ကျော်ရှိသည့်အပြင် မတူကွဲပြားသော ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုများဖြင့် ပြည့်နှက်နေသောကြောင့် ထိုတိုင်းရင်းသားလူမျိုးစုများအားလုံး၏ အသိအမှတ်ပြုမှုကို ရရှိနိုင်ရန်အတွက်


၎င်းတို့၏ လိုအပ်ချက်၊ လိုအင်များ၊ ခံစားချက်များကို အတွင်းကျကျ သိရှိနားလည်ဖို့ လိုအပ်သည့်အပြင် ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းအားထုတ်သော ခေါင်းဆောင်မှု မျိုးကိုလည်း မျှော်လင့်ကြ သည်။

> “နိုင်ငံရေးခေါင်းဆောင်မှုဆိုသည်မှာ ပြည်သူကို မျက်နှာမူပြီး ပြည်သူလိုလားသည့် ပြည်သူ့ဆန္ဒနှင့် အညီ နိုင်ငံရေး၊ စီးပွါးရေး၊ ပညာရေး၊ ကျန်းမာရေးစသော ကဏ္ဍပေါင်း စုံ အတွက် လက်ရှိအခြေအနေ ထက် ပိုမိုသာလွန်ကောင်းမွန်စေရန် စနစ်၊ အခြေခံမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ ချမှတ်ပြီး ပြည်သူများအား ဦးဆောင်နိုင်မှုကို ဆိုလိုသည်။”
>
> တိုင်းလိုင် (ရှမ်းနီ)အမျိုးသားဖွံဖြိုးတိုးတက်ရေးပါတီဝင်၊မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။




**ပုံ ၂.၁ – နိုင်ငံရေးခေါင်းဆောင်မှုအပေါ် စစ်တမ်းဖြေဆိုသူများ၏ သဘောထားယူဆချက်**

နိုင်ငံရေးခေါင်းဆောင်မှုအပေါ် အယူအဆများနှင့်ပတ်သက်၍ နိုင်ငံရေးခေါင်း ဆောင်ဖြစ်ရန် လေ့ကျင့်ပျိုးထောင်ယူ၍ရသည်ဟု စစ်တမ်းဖြေဆိုသူဦးရေစုစုပေါင်း ၏ ၆၄.၃ ရာခိုင်နှုန်းက ဖြေဆိုကြပြီးအခြေအနေပေးပါက လူတိုင်းနိုင်ငံရေးခေါင်း ဆောင်ဖြစ်နိုင်သည်ဟု ဖြေဆိုသူ ၂၀.၁ ရာခိုင်နှုန်းလည်းရှိပါသည်။ ထို့အပြင် ၁၅.၆ ရာခိုင်နှုန်းသည် နိုင်ငံရေးခေါင်းဆောင်မှုသည် မွေးရာပါအရည်အချင်းဖြစ်သည်ဟု ဖြေဆိုကြသည်။




ပုံ ၂.၂ – နိုင်ငံရေးအလုပ်ကို အလုပ်အကိုင်တစ်ခုအနေဖြင့် ရပ်တည်လုပ်ဆောင်မှသာ နိုင်ငံရေးရာများကို ထိရောက်စွာလုပ်ကိုင်နိုင်မည်။

နိုင်ငံရေးအလုပ်ကို အလုပ်အကိုင်တစ်ခုအနေဖြင့် ရပ်တည်လုပ်ဆောင်မှသာ နိုင်ငံရေးရာများကို ထိရောက်စွာလုပ်ကိုင်နိုင်မည်ဆိုသည့် အဆိုအပေါ် စစ်တမ်းကောက်ခံသူများကဖြေဆိုရာတွင် ဖြေဆိုသူစုစုပေါင်း၏ ၆၃.၈ ရာခိုင်နှုန်းက သဘောတူညီသည်ဟု ဖြေဆိုကြပြီး ၂၄.၉ ရာခိုင်နှုန်းက သဘောမတူညီပါဟု ဖြေဆိုကြသည်။ ၁၁.၃ ရာခိုင်နှုန်းကမူ မပြောတတ်ပါဟုဖြေဆိုသည်။

"နိုင်ငံရေးအလုပ်ကို တစိုက်မတ်မတ်လုပ်ဆောင်မှသာ ထိရောက်နိုင်ပါတယ်။ ဒါပေမယ့် နောက်ကထောက်ပံ့သူတွေရှိဖို့တော့လိုတယ်။ အမျိုးသမီတွေအတွက်ဆိုပိုပြီး ခက်ခဲမှုရှိတယ်။ အမျိုးသမီးတွေ နိုင်ငံရေးထဲပါလာလျှင် ငွေကြေးထောက်ပံ့မှုတွေရော သင်တန်းထောက်ပံ့မှုတွေပါ လုပ်ပေးရမယ်။ လွှတ်တော်မှာ တာဝန်ထမ်းဆောင်နိုင်ဖို့ လုံလောက်သောလစာပေးဖို့လိုမယ်။ နိုင်ငံရေးသမားက နိုင်ငံရေးပဲ လုပ်ဖို့ ပိုအရေးကြီးပါတယ်။"


**အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်တစ်ဦး၊ မုဒုံမြို့နယ်၊မွန်ပြည်နယ်**

တစ်ဦးချင်းမေးမြန်းခြင်းနှင့် အုပ်စုဖွဲ့မေးမြန်းရာတွင်လည်း နိုင်ငံရေး အလုပ်သည် တိုင်းပြည်အတွက်အရေးကြီးသော အခန်းကဏ္ဍ တစ်ခုဖြစ်သောကြောင့် အလုပ်တစ်ခုအဖြစ် ထိထိရောက်ရောက်လုပ်ကိုင်သင့်ကြောင်းကို သုတေသန မေးမြန်းရာဒေသများမှ ဖြေဆိုသူအများစုမှ ဖြေဆိုထားကြပါသည်။ အချို့ဖြေဆိုကြ သူများမှာ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးရေစီးကြောင်းအရဆိုလျှင် နိုင်ငံရေးကို သီးခြားအလုပ်တစ်ခုအဖြစ် လုပ်ကိုင်ပြီး ရပ်တည်ရန် ခက်ခဲသော်လည်း တိုင်းပြည် အရေးကို စိတ်ဝင်စားသူများအနေဖြင့် တစိုက်မတ်မတ် ထဲထဲဝင်ဝင် လုပ်သင့်သည်ဟု ဖြေဆိုကြသည်။ ထိုသို့ ရပ်တည်ရန် ခက်ခဲသော အခြေအနေများကြောင့် နိုင်ငံရေးကို

အမှန်တကယ် စိတ်ဝင်စားသော မျိုးဆက်သစ် လူငယ်များအနေဖြင့် တစိုက်မတ်မတ်လုပ်ကိုင်ရန် မလွယ်ကူ၍ နိုင်ငံရေးနယ်ပယ်မှ ဝင်ငွေအခွင့်အလမ်းရှိသော အရပ်ဖက်အဖွဲ့အစည်း နယ်ပယ်သို့ပြောင်းရွှေ့ လုပ်ကိုင်သွားကြသူ အများအပြား ရှိနေသည်။ အများအားဖြင့် အမျိုးသမီးများတွင် ယင်းအခက်အခဲမျိုးကို ပိုမို တွေ့ကြရပြီး နောက်ခံအင်အားတောင့်တင်းသောသူများ၊ မိသားစုမှပံ့ပိုးနိုင်သူများနှင့် အသင့်အတင့် ငွေရှိသောသူများသာ ဆက်လက်ရပ်တည်နိုင်ကြသည်။ ထို့ကြောင့် နိုင်ငံရေးနယ်ပယ်တွင် ရေရှည်ဆက်လက်ရပ်တည်နိုင်ရန် ပံ့ပိုးထောက်ပံ့မှုများ လိုအပ်သည်ဟု ဆွေးနွေးကြပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးကို သီးခြားအလုပ်တစ်ခုအဖြစ် မမြင်ပဲ မိမိတို့၏ နေ့စဉ်ဖြတ်သန်းမှုတွင် တွေ့ကြုံရလေ့ရှိသည့် အရေးအရာကိစ္စများကို ပြေလည်အောင် ဦးဆောင်ဆောင်ရွက်ပေးခြင်းကို နိုင်ငံရေးလုပ်သည်ဟု ယူဆကြသူများရှိနေသေးသည်။ သို့သော်လည်း အများစုမှာ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးစသောနယ်ပယ် တစ်ခုခုတွင် ကျွမ်းကျင်စွာလေ့လာပြီး တစိုက်မတ်မတ် ထိထိရောက်ရောက် လုပ်သင့်သည်ဟု ယူဆကြပါသည်။ သုတေနသပြုလုပ်ရာဒေသများမှ ဖြေဆိုသူအားလုံး၏ တူညီသောဆန္ဒမှာ နိုင်ငံရေးကို အမှန်တကယ် ဝါသနာပါ၍ စေတနာထားခြင်း၊ အနစ်နာခံခြင်းများဖြင့် ကိုယ်ကျိုးစီးပွါးအတွက် အမြတ်မထုတ်ပဲ လုပ်စေလိုကြခြင်းဖြစ်သည်။ အများပြည်သူအကျိုးစီးပွားရေးအတွက် နိုင်ငံရေးအလုပ်ကို အလုပ်အကိုင် တစ်ခုအနေဖြင့် အနှောင်အဖွဲ့ကင်းကင်း လွတ်လပ်စွာ လုပ်ကိုင်ရပ်တည်နိုင်မှသာ မျှတသော ဆုံးဖြတ်ချက်များကို အများပြည်သူအတွက် ချမှတ်နိုင်ကြမည်ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးရေချိန်အရ နိုင်ငံရေးအလုပ်ကို သီးခြားအလုပ်တစ်ခုအနေဖြင့် လုပ်ကိုင်သင့်သည်ဟု ထင်မြင်ယူဆသူများပြားလာသည်။

## ၂.၂ နိုင်ငံရေးခေါင်းဆောင်တစ်ဦးတွင်လိုအပ်သည့် အရည်အချင်းများ




ပုံ ၂.၃ – နိုင်ငံခေါင်းဆောင်တစ်ဦးတွင်လိုအပ်သည့် ကျွမ်းကျင်မှုနှင့်စွမ်းရည်များ

နိုင်ငံရေးခေါင်းဆောင်တစ်ဦးတွင် လိုအပ်သည့် ကျွမ်းကျင်မှု၊ စွမ်းရည်များနှင့် ပတ်သက်၍ အများဆုံးအဖြေ (၃) ခုအထိ ရွေးချယ်ဖြေဆိုခွင့်ပြုခဲ့သည်။ စစ်တမ်းဖြေဆိုသူစုစုပေါင်း၏ ၅၃.၇ ရာခိုင်နှုန်းသည် နိုင်ငံရေးခေါင်းဆောင်တစ်ဦးတွင် မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရမှုကို အများဆုံးရွေးချယ်ထားကြပြီး နိုင်ငံရေး အခြေအနေများကို နားလည်၍ ပါးနပ်စွာကိုင်တွယ်ဖြေရှင်းနိုင်မှုနှင့် ပြည်သူလူထု၏အသံကို နားထောင်၍ တုန့်ပြန်လုပ်ဆောင်နိုင်သည့် ကျွမ်းကျင်မှု စွမ်းရည်ရှိရမည်ဟု ဖြေဆိုသူရာခိုင်နှုန်းမှာ ၄၉.၂ ရာခိုင်နှုန်းရှိပါသည်။ ထို့အပြင် ဖြေဆိုမှုများ၏ ၄၅.၃ ရာခိုင်နှုန်းသည် စီမံအုပ်ချုပ် နိုင်မှုစွမ်းရည်ကို ရွေးချယ်ပြီး ၄၃.၁ ရာခိုင်နှုန်းသည် ပြည်သူလူထုအား ပြောဆိုစည်းရုံးနိုင်မှု စွမ်းရည်ရှိရမည်ဟု ဖြေဆိုကြသည်။ နိုင်ငံ၏ စီးပွားရေးကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်မှု ရှိရမည်ဟု ဖြေဆိုသူ ရာခိုင်နှုန်းမှာ ၃၆.၅ ရာခိုင်နှုန်းနှင့် ပဋိပက္ခများကိုဖြေရှင်း၍ ညှိနှိုင်းဆွေးနွေးနိုင်မှု ရှိရမည်ဟု ဖြေဆိုသူမှာ ၃၀.၉ ရာခိုင်နှုန်းရှိသည်။

ဆက်သွယ်/ဆက်ဆံရေး (စကားပြော) ကျွမ်းကျင်လိမ္မာမှုစွမ်းရည် ရှိရမည်ဟု ဖြေဆိုသူမှာ ၂၂.၂ ရာခိုင်နှုန်း ရှိပါသည်။


"နိုင်ငံရေးခေါင်းဆောင်မှုဆိုသည့် စကားကို နိုင်ငံရဲ့ ကိစ္စအရေးအရာအမျိုးမျိုးကို ဦးဆောင်ဖြေရှင်းနိုင်သော ပညာလို့ ဆိုချင်ပါတယ်။ နိုင်ငံရေးအလုပ်ကို သီးခြားအလုပ် အကိုင်အဖြစ် လုပ်ကိုင်မှသာ နိုင်ငံရေးကိစ္စများကို ပိုမိုတိကျစွာ ထိရောက်လုပ်ဆောင် နိုင်မယ်လို့ ထင်ပါတယ်။ အလုပ်တစ်ခုကို တစ်စိုက်မတ်မတ်လုပ်ဆောင်မှ အလုပ်ရဲ့ ပြဿနာတွေကို သိလာပြီး ဖြေရှင်းနိုင်မှာပါ။ အလုပ်နဲ့ပိုမိုရင်းနှီးလာမှာလေ။ နိုင်ငံရေး သမားကောင်း တစ်ယောက်အနေနဲ့ စကားပြောစွမ်းရည် ကောင်းရမယ်။ နိုင်ငံရေးသမိုင်းကြောင်း နားလည်ရမယ်။ ပညာအရည်အချင်းကောင်းမွန်ရမယ်ပေါ့နော်။ နိုင်ငံရေးသမားကောင်းတွင် အမျိုးသားရေးစိတ်ဓါတ်ရှိရမယ်။ ပြည်ထောင်စုစိတ်ဓါတ်ရှိရမယ်။ သည်းခံနိုင်တဲ့ စိတ်ဓါတ်။ ထိုအထဲမှ ပြည်ထောင်စုစိတ်ဓါတ်က အရေးအကြီးဆုံးပါ။ နိုင်ငံရေးပါတီများ အနေဖြင့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရာမှာ တိုင်းရင်းသားပါတီဆိုရင် တိုင်းရင်း သားလူမျိုးဖြစ်မှု၊ နိုင်ငံရေး အတွေ့အကြုံ အနည်းဆုံး သုံးနှစ်၊ အနစ်နာခံလိုစိတ်ရှိသူ စသည့်မူဝါဒများဖြင့်ရွေးချယ်သင့်သည်။ နိုင်ငံရေးပါတီအနေဖြင့် နိုင်ငံရေးခေါင်းဆောင် ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးသင့်တယ်။ ဒါမှသာ နိုင်ငံကိုချစ်သော ပြည်သူကို ချစ်သောခေါင်းဆောင်များကို မွေးဖွားနိုင်မှာပါ။"

**ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၊ မိုင်းစံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း**

နိုင်ငံရေးခေါင်းဆောင်တစ်ဦးအနေဖြင့် နိုင်ငံ၏အနေအထား၊ သမိုင်းဖြစ်စဉ်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့များကို အခြေခံအားဖြင့် သိရှိရမည်ဖြစ်သော်လည်း သီးခြားကျွမ်းကျင်မှုများအနေဖြင့် စီမံခန့်ခွဲခြင်း၊ ဥပဒေများကို ကျွမ်းကျင်နှံ့စပ်ခြင်း၊ နိုင်ငံရေး၊ စီးပွါးရေးမူဝါဒများကို ပိုင်နိုင်ခြင်း၊ ဘာသာစကားများကို ကျွမ်းကျင်ခြင်း၊ ဌာနဆိုင်ရာများ၏လုပ်ထုံးလုပ်နည်းများကို နားလည်ပိုင်နိုင်ခြင်း၊ စကားပြောကျွမ်းကျင်လိမ္မာခြင်းများ ရှိရန်လိုအပ်ပါသည်ဟု တစ်ဦးချင်းမေးမြန်းခြင်းနှင့် အုပ်စုဖွဲ့မေးမြန်းသူများက ဖြေဆိုထားကြပါသည်။

မြန်မာနိုင်ငံ၏ တိုးတက်ရေးအတွက် ကြီးမားသော အဟန့်အတား တစ်ခုဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ကျွမ်းကျင်စွာ မွှေနှောက်နိုင်သည့်အပြင် နိုင်ငံတကာဆက်ဆံရေး၊ ရေရှည်နိုင်ငံရေးလုပ်ငန်းစဉ်များကိုပါ နားလည် တတ်ကျွမ်းထားရန်လိုအပ်သည်ဟုအချို့ကလည်းမြင်ကြသည်။ ပြဿနာရပ်များကိုဖြေရှင်းရာတွင်လည်း ပြတ်သား၊ ရဲရင့်သော ဆုံးဖြတ်ချက်များကို ချမှတ်ပေးနိုင်ခြင်း၊ ငြိမ်းချမ်း

ရေးအတွက် ဖော်ဆောင်နိုင်ခြင်းသည်လည်း မြန်မာနိုင်ငံပြည်သူ၊ ပြည်သားများ မျှော်လင့်နေသော ခေါင်းဆောင်တစ်ဦး၏ အရည်အချင်းများဖြစ်သည်။




ပုံ ၂.၄ – နိုင်ငံရေးခေါင်းဆောင်များတွင်ရှိရန်လိုအပ်သည့် အချက်များ


နိုင်ငံရေးခေါင်းဆောင်များတွင်ရှိရန်လိုအပ်သည့်အချက်များကို မေးမြန်းရာတွင် စစ်တမ်းဖြေဆိုသူစုစုပေါင်း (၆၂၂ ဦး)၏ ၆၃.၅ ရာခိုင်နှုန်းသည် တစ်နိုင်ငံလုံးရှိ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် လုပ်ဆောင်နိုင်မှုသည် နိုင်ငံခေါင်းဆောင်များတွင် ရှိသင့်သည့် လိုအပ်ချက်ဖြစ်သည်ဟု ဖြေဆိုထားသည်။ ဖြေဆိုသူအားလုံး၏ ၆၀.၈ ရာခိုင်နှုန်းသည် ဖြောင့်မတ်တည်မှုရှိဖို့ လိုအပ်သည်ဟု ဖြေဆိုသည်။ ထို့အပြင် နိုင်ငံရေးခေါင်းဆောင်များတွင် မူဝါဒကောင်းများ ချမှတ်အကောင်အထည်ဖော်နိုင်မှုလည်း လိုအပ်သည်ဟု ၄၇.၃ ရာခိုင်နှုန်းက ဖြေဆိုသည်။ ဖြေဆိုသူစုစုပေါင်း၏ ၃၇.၃ ရာခိုင်နှုန်းကတော့ လူထု၏လေးစားကြည်ညိုထောက်ခံမှု၊ ၃၆.၂ ရာခိုင်နှုန်းကတော့ ပြည်ထောင်စု စိတ်ဓါတ်ရှိရန်လည်း လိုအပ်သည်ဟု ဖြေဆိုထားပြီး အမျိုးဘာသာ၊ သာသနာကိုလေးစားတန်ဖိုးထားမှုရှိရန်လိုအပ်သည်ဟု ၂၀.၇ ရာခိုင်နှုန်းက ဖြေဆိုကြသည်။ နိုင်ငံရေးခေါင်းဆောင်များတွင် ပြည်သူလူထု၏ဆန္ဒကို လိုက်လျောမှု

ရှိရမည်ဟု ဖြေဆိုမှု ၁၉.၅ ရာခိုင်နှုန်းနှင့် မိမိလူမျိုးအတွက် ကိုယ်စားပြု လုပ်ဆောင်နိုင်ရန် လိုအပ်သည်ဟု ဖြေဆိုမှု ၁၇.၄ ရာခိုင်နှုန်းလည်း ရှိပါသည်။

ထို့အပြင် တစ်ဦးချင်းမေးမြန်းခဲ့ရာ၌ နိုင်ငံရေးခေါင်းဆောင်တစ်ဦးအနေဖြင့် နိုင်ငံရေးအတွေ့အကြုံ၊ နားလည်နိုင်စွမ်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ကတိတည်မှု၊ ယုံကြည်ချက်ခိုင်မာမှု၊ ကျင့်ဝတ်လိုက်နာစောင့်ထိန်းမှုများသည် အခြေခံအားဖြင့် မရှိမဖြစ်လိုအပ်ပေသည်ဟု ဖြေဆိုသူများပြားသည်။ ခေါင်းဆောင်တစ်ဦးသည် ဒီမိုကရေစီစံနှုန်းများ၊ သဘောတရားများ၊ တန်ဖိုးများကိုလည်း နားလည်ရုံသာမက တရားမျှတခြင်း၊ ရိုးသားခြင်း၊ အနစ်နာခံခြင်း၊ အစွဲကင်းခြင်းများလည်း ရှိရန် လိုအပ်သည်ဟုလည်း ဖြေကြားသည်။ လူထုအသံကိုနားထောင်နိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်း၊ သတ္တိရှိခြင်း၊ ခွဲခြားဆက်ဆံမှုကင်းခြင်း၊ ဖွဲလုံ့လရှိခြင်းများသည်လည်း ခေါင်းဆောင်တစ်ဦး၏ အရည်အချင်းကို ပိုမိုပေါ်လွင်ထင်ရှားစေပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုစိတ်ဓါတ်၊ အမျိုးသားရေးစိတ်ဓါတ်တို့ရှိရန် လိုအပ်ရုံသာမက နိုင်ငံရေး အသိပညာများကို ချင့်ချိန်အသုံးချ၍ လူထုလိုအပ်နေသောအရာများကို တရားမျှတမှုဖြင့် လိုက်လျောညီထွေစွာ ဖြည့်ဆည်းပေးနိုင်ခြင်းသည်လည်း ခေါင်းဆောင်များတွင် ရှိရန်လိုအပ်သည်ဟု ယူဆချက်များလည်းရှိပါသည်။

## ၂.၃ နိုင်ငံရေးပါတီများအနေဖြင့် ခေါင်းဆောင်များကိုရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

> "နိုင်ငံရေးသမားနှင့် နိုင်ငံရေးအလုပ်သည်လည်း မတူကြပါ။ နိုင်ငံရေးအလုပ် ဆိုသည်မှာ ကိုယ့်ပြည်နယ် ကိုယ့်မြို့ကိုယ့်ရွာတွင် မတော်သည်များကို တွေ့လျှင်သော်လည်းကောင်း၊ အမြတ်ထုတ်ရန် ကြိုးစားနေသူများ၊ နယ်ချဲ့မည့်သူများ၊ သူ့နယ်မဟုတ်သော်လည်း မဟုတ်လျှင် မခံတတ်သောစိတ်ဖြင့် ပြန်လည် တော်လှန်သည်ကို နိုင်ငံရေးအလုပ်ဟုခေါ်သည်။ နိုင်ငံရေးသမားဆိုတာ သိသင့်သိထိုက်တာ လေ့လာဆည်းပူးတာ နိုင်ငံရေးသမားပါပဲ ၊ သူကတော့ မဟုတ်သော်ငြားလည်း လက်သီးလက်မောင်းတန်းပြီး လမ်းပေါ်ထွက်အော်ဟစ်တာကလွဲလို့ ဘာမှမလုပ်နိုင်ပါဘူး၊ ဒီထက်အပြင် အော်ပါများလျှင် ဥပဒေငြိစွန်းတယ်ဆိုပြီး အဖမ်းခံရပေါင်းလဲ များနေပြီ ။ တကယ်တန်းကြတော့ နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်ဖို့ လိုအပ်တဲ့ ကျွမ်းကျင်မှု၊ စွမ်းရည်များမှာတော့ သီလ၊ သမာဓိ၊ သိက္ခာ၊ ရာထူး၊ စိတ်ကောင်း မွန်မြတ်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်း စတာတွေက အဓိကကျပါတယ်။"
>
> **ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီခေါင်းဆောင်တစ်ဦး**





**ပုံ ၂.၅ – နိုင်ငံရေးပါတီများအနေဖြင့် ခေါင်းဆောင်များကိုရွေးချယ်ရာတွင် အဓိကမူဝါဒများ အဖြစ် ချမှတ်သင့်သည့် အချက်များ**

နိုင်ငံရေးခေါင်းဆောင်များကိုရွေးချယ်ရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးပါသည်။ နိုင်ငံရေးပါတီများမှ မူဝါဒကောင်းများကို ချမှတ်နိုင်မှသာလျှင် အရည်အချင်းပြည့်ဝပြီး နိုင်ငံရေးကိစ္စအဝဝကို လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ခေါင်းဆောင်ကောင်းများပေါ်ထွက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် သုတေသနစစ်တမ်း ကောက်ယူရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ခေါင်းဆောင်များကိုရွေးချယ်သည့် မူဝါဒများ ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များအပေါ် ပြည်သူလူထု၏ အမြင်များကိုလည်း ထည့်သွင်းမေးမြန်းခဲ့ပါသည်။ စစ်တမ်းဖြေဆိုသူများ၏ ၅၉.၃ ရာခိုင်နှုန်းသည် ပညာအရည်အချင်းကိုကြည့်၍ ရွေးချယ်ရမည်ဟူ၍လည်းကောင်း၊ ၅၂.၁ ရာခိုင်နှုန်းက ယခင်ဒေသအကျိုးဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံရှိခြင်းကိုလည်း ကောင်း၊ ၄၄.၁ ရာခိုင်နှုန်းသည် ဒေသနှင့်လိုက်လျောညီထွေဖြစ်မှုကိုလည်းကောင်း၊ ခေါင်းဆောင်ရွေးချယ်သည့် မူဝါဒများချမှတ်ရာတွင် ထည့်သွင်းစဉ်စားသင့်သည်ဟု ရွေးချယ်ထားသည်။ ထို့အပြင် စစ်တမ်းဖြေဆိုသူများ၏ ၃၆ ရာခိုင်နှုန်းသည် ဒေသခံဖြစ်မှု၊ ၂၈.၁ ရာခိုင်နှုန်းသည်

လူငယ်ဖြစ်မှုပေါ်မူတည်၍ စဉ်းစားရွေးချယ်သင့်သည့်ဟုလည်း ဖြေဆိုထားပါသည်။ ဖြေဆိုသူများ၏ ၁၉.၆ ရာခိုင်နှုန်းသည် လူမျိုး/ဘာသာ/ဖြစ်တည်မှု အပေါ်အခြေခံ ကိုယ်စားပြုမှု၊ ၁၈.၂ ရာခိုင်နှုန်းသည် အမျိုးသမီးဖြစ်မှု၊ ၁၁.၇ ရာခိုင်နှုန်းသည် တိုင်းရင်းသားဖြစ်မှု၊ ၉.၅ ရာခိုင်နှုန်းသည် လူသိများထင်ရှားသူဖြစ်မှုနှင့် ၆.၆ ရာခိုင်နှုန်းသည် ကိုးကွယ်သည့်ဘာသာစသည့် အချက်များပေါ်မူတည်၍ မူဝါဒ ထည့်သွင်းရေးဆွဲသင့်သည်ဟု ဖြေဆိုထားသည်ကိုတွေ့ရသည်။

တစ်ဦးချင်းမေးမြန်းခဲ့ရာတွင် နိုင်ငံရေးပါတီများ၏ အဓိက ရည်မှန်းချက်မှာ ရွေးကောက်ပွဲအောင်နိုင်ရေးဖြစ်ပြီး ရရှိလာသော အစိုးရဖွဲ့နိုင်ခွင့်အာဏာ၊ လုပ်ပိုင်ခွင့် အာဏာများကို တိုင်းပြည်တည်ဆောက်ရာတွင် အသုံးပြုရန်ဟုဖြေဆိုကြသည်။ ရွေးကောက်ပွဲတွင် အောင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့်လည်း မဲဆန္ဒရှင် ပြည်သူများလိုလားသည့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများကို အလေးထား၍ ရွေးချယ်ပေးရန် လိုအပ်သည်ဟု ဖြေကြားကြသည်။ သုတေသနပြုလုပ်မေးမြန်းမှုအရ ပြည်သူများအနေဖြင့် ပါတီများမှ ရွေးချယ်ပေးမည့် ကိုယ်စားလှယ်လောင်းများအား စကားပြောကျွမ်းကျင်လိမ္မာခြင်း၊ ပညာတတ်ခြင်း၊ နောက်ကြောင်းရာဇဝင်ကောင်း ခြင်း၊ ခွဲခြားဆက်ဆံမှုကင်းခြင်း၊ ကျင့်ဝတ်သိက္ခာရှိခြင်း စသည်တို့အပြင် ပါတီမူဝါဒကို လေးစားလိုက်နာနိုင်မည့်သူများကိုသာ ရွေးချယ်ပေးစေချင်ကြသည်။ ထို့အပြင် ဒေသခံ၊ လူငယ်၊ အမျိုးသမီးကို ဦးစားပေးရွေးချယ်ပေး စေလိုကြပြီး အရေးကြီးဆုံး အချက်များမှာ နိုင်ငံရေး၊ စီးပွါးရေး၊ အုပ်ချုပ်ရေးများကို ကျွမ်းကျင်လိမ္မာပြီး ပြည်သူကိုမျက်နှာမူကာ ပြည်သူအကျိုးကို အမှန်တကယ်လိုလား၍ ကိုယ်၊ စိတ်ကျန်း မာရေး ကောင်းမွန်သူများကိုသာ ရွေးချယ်ကြရန် အကြံပြုကြသည်။ အချို့ဒေသများရှိ မဲဆန္ဒရှင်များမှာ လူငယ်၊ အမျိုးသမီးပါဝင်နှုန်းကို အနည်းဆုံး (၃၀) ရာခိုင်နှုန်းအထိ ပါဝင်စေချင်ကြသည်။ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့၏ ပါတီအောင်နိုင်ရေးအတွက် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင် ပြည်သူများ အမှန်တကယ်လိုလားသော အချက်များနှင့်ပြည့်စုံသည့် ကိုယ်စားလှယ်လောင်းများ ကို မဲဆန္ဒရှင်ပြည်သူများအား လေးစားသောအနေဖြင့် အလေးထားပြီး ရွေးချယ်ရန် လိုအပ်သည်ဟု ဆန္ဒပြုကြသည်။




**ပုံ ၂.၆ – ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးခေါင်းဆောင်ကောင်းများကို နိုင်ငံရေးပါတီများအနေဖြင့် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။**

ထို့အပြင် ဒီမိုကရေစီနစ်တွင် နိုင်ငံရေးခေါင်းဆောင်ကောင်းများကို ပေါ်ထွက်လာစေရန် နိုင်ငံရေးပါတီများအနေဖြင့် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်ဆိုသည့် အဆိုကို စစ်တမ်းဖြေဆိုသူစုစုပေါင်း ၆၂၂ ဦးအနက်မှ လက်ခံပါသည်ဟု ဖြေဆိုသူ ၈၆.၇ ရာခိုင်နှုန်းရှိပြီး ၃.၇ ရာခိုင်နှုန်းကသာလျှင် လက်မခံပါဟု ဖြေဆိုသည်။ ကျန် ၉.၆ ရာခိုင်နှုန်းက မပြောတတ်ပါဟု ဖြေဆိုသည်။

ကျွန်တော်တို့နိုင်ငံအနေအထားနဲ့တော့လေ့ကျင့်ပျိုးထောင်ပေးရမယ်။ အမှန်တကယ်ပြောမယ်ဆိုရင် နှစ် ၂၀ အထူးသဖြင့် ၁၉၈၈ နောက်ပိုင်း ကိုသုံးသပ်လိုက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ မျိုးဆက်တစ်ဆက်၊တစ်ဆက်မှာ အားနည်းချက်တွေရှိနေတယ်။ -------- ------------------------------------------------------------ ပညာရေးစနစ်က ရေး၊ ကျက်၊ ဖြေ အနေအထားဖြစ်နေတော့ အဲ့လို သူရဲ့ တွေးခေါ်မှုအပိုင်းကတော့ အများကြီးလိုအပ်နေသေးတယ်။ နိုင်ငံရေးခေါင်းဆောင်တွေကတော့ ပါတီက လေ့ကျင့်ပျိုးထောင်ပေးဖို့လိုအပ်သလို ဒါပေမယ့် အသင်းအဖွဲ့မှာ ဦးဆောင်တဲ့သူတွေကိုလည်း စောင့်ကြည့်သင့်တယ်။

**အိုင်တီ ပညာရှင်၊မြစ်ကြီးနားမြို့၊ကချင်ပြည်နယ်**

နိုင်ငံရေးပါတီများအနေဖြင့် ခေါင်းဆောင်ကောင်းများကို ပြုစုပျိုးထောင်ရန်မှာ အလွန်အရေးကြီးပါသည်။ ပါတီများအနေဖြင့် အနာဂါတ်အတွက် အရေးကြီးသည့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံရေးအသိပညာများကို အများဆုံးလေ့ကျင့်ဖြန့်ဖြူးပေး ရန်လိုအပ်ပါသည်။ နိုင်ငံရေးအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်လျှင် နိုင်ငံရေးလောကတွင် အရည်အချင်းမရှိပဲ ပါဝင်လာမည့်

ခေါင်းဆောင်များထက် အရည်အချင်းမြင့်မားသည့် ခေါင်းဆောင်အရေအတွက် ပိုမိုများပြားလာမည်။ ထိုသို့သော လေ့ကျင့်ပျိုးထောင်ပေးထားနိုင်ရန် ပါတီအနေဖြင့်သာမက ပါတီပြင်ပတွင်လည်း လိုအပ်ပါသည်ဟုလည်း ဖြေကြားကြသည်။ ပုဂ္ဂလိက နိုင်ငံရေးသိပ္ပံကျောင်းများ တည်ထောင်ပေးခြင်း၊ အစိုးရကျောင်းများတွင်လည်း ဘာသာရပ်တစ်ခုအဖြစ် နိုင်ငံရေး သိပ္ပံဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးရန်လည်းလိုအပ်ပါသည်။ နိုင်ငံရေးပါတီတစ်ခု၊ အဖွဲ့အစည်းတစ်ခုက ချုပ်ကိုင်သင်ကြားပေးသော ပုံစံမျိုးမဖြစ်စေပဲ လွတ်လပ်စွာ တွေးခေါ်သင်ကြားခွင့်ရရှိနိုင်ရန် လိုအပ်ပါသည်။ သင်ကြားရေးစနစ်များတွင်လည်း သီအိုရီပိုင်း သာမက လက်တွေ့ကွင်းဆင်း ဖြေရှင်းရသည့် အတွေ့အကြုံများကိုလည်း သင်ကြားပေးနိုင်ရန် လိုအပ်သည်။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသည် နိုင်ငံရေးမျိုးဆက်သစ်များ ပျိုးထောင်မှုလုပ်ငန်းစဉ်တွင် များစွာနောက်ကျနေပြီဟုလည်း ဆိုကြသည်။ ပြုစုပျိုးထောင်ပေးခဲ့သော အနာဂတ် နိုင်ငံရေးမျိုးဆက်များကိုလည်း မိမိတို့အကျိုးစီးပွါးတစ်ခုတည်းဖြင့် ရည်ရွယ်ပြီး မွေးထုတ်လာနိုင်ဖွယ် ရှိခြင်းသည်လည်း နိုင်ငံ၏စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ သို့ဖြစ်၍ပါတီများ၊ အဖွဲ့အစည်းများ အနေဖြင့် နိုင်ငံရေးမျိုးဆက်သစ်များကို အစွဲကင်းကင်းဖြင့် တိုင်းပြည်အပေါ်အမှန်တကယ် စေတနာရှိပြီး တိုင်းပြည်အကျိုး လိုလားသော လူကောင်း၊ လူတော်များစွာကို မွေးမြူကြရမည်ဟု အကြံပြုဖြေကြားကြသည်။




ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်မှ ကျောင်းဆရာမ
တစ်ဦးအား မေးမြန်းခြင်း

# အခန်း (၃)

# အထွေထွေရွေးကောက်ပွဲများနှင့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ကိုင်ဆောင်ရွက်နေမှုအပေါ်အမြင်

## ၃.၁ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် မဲပေးခဲ့မှုအခြေအနေ




ပုံ ၃.၁ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် မဲပေးခဲ့မှုအခြေအနေ


စစ်တမ်းတွင် ဖြေဆိုခဲ့သူစုစုပေါင်း ဖ၂၂ ဦးအနက် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် မဲပေးခဲ့သည်ဟု ဖြေဆိုသူ ၇၄.၉ ရာခိုင်နှုန်းရှိပြီး ၂၅.၁ ရာခိုင်နှုန်းကသာလျှင် မဲမပေးခဲ့ပါဟု ဖြေဆိုကြသည်။ တနင်္သာရီတိုင်းဒေသကြီးမှ ဖြေဆိုသူအများစုသည် ၂၀၁၅ ခုနှစ်တွင် အပြောင်းအလဲတစ်ခု အကောင်အထည်ဖော်နိုင်ပြီ၊ အပြောင်းအလဲတစ်ခု ရွေ့နိုင်ပြီဟု အလေးအနက် ယုံကြည်၍ ပြည်သူ ၈၅ ရာခိုင်နှုန်းခန့်က မဲပေးရန် စိတ်ဝင်စားခဲ့ကြောင်း ဖြေဆိုခဲ့ပါသည်။

> "၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးမှု အခြေအနေ အပြောင်းအလဲအတွက် တက်တက်ကြွကြွ မဲပေးကြတယ်။ မဲစာရင်းကြည့်ကြတယ်။ ကိုယ့်နာမည်မပါရင် သက်ဆိုင်သူတွေကို ပြောကြတယ်၊ စနစ်တကျမဲပေးကြတယ်။"
>
> **နိုင်ငံရေးစိတ်ဝင်စားသည့် သဘော်သားတစ်ဦး၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး**

"မွန်ဒေသရှိ မွန်ပါတီ သုံးပါတီကွဲ၊ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်၊ ပြည်သူလူထုတွေ မွန်ပါတီကို စိတ်ကုန်ပြီး NLD ရဲ့ ပြောင်းလဲချိန်တန်ပြီ အပြောင်းအလဲတွေကြောင့် မွန်လူမျိုးတွေ မိခင်ပါတီကို စွန့်လွှတ်ပြီး မဲကွဲသွားကြသည်။"

ဘာသာရေးခေါင်းဆောင်တစ်ဦး၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

မွန်ပြည်နယ်တွင် ပြည်သူ့အစိုးရကို လိုချင်သောကြောင့် မျှော်လင့်ချက်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)ကို ဝိုင်း၍မဲပေးခဲ့ကြကြောင်း ဖြေဆိုခဲ့ပါသည်။ ရှမ်းပြည် နယ်မှ ဖြေကြားချက်များမှာ လူ (၁၀)ဦးရှိလျှင် (၈)ဦးက မဲပေးကြောင်းနှင့် ထိုမဲပေးသူ နှစ်ဦးမှာ အသက်မပြည့်သူနှင့် ခရီးလွန်နေသူတို့ ဖြစ်ပြီး မဲပေးမှုအားကောင်းကြောင်း၊ လွတ်လပ်မှုရှိကြောင်း ဖြေဆိုခဲ့ကြသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မေးမြန်းချက်များအရ လူတိုင်းနီးပါး တက်တက်ကြွကြွနှင့် စနစ်တကျ မဲလာပေးခြင်းမျိုး၊ မဲရုံမဖွင့်မီ အချိန်ကတည်းက မဲရုံရှေ့မှာ စောင့်နေခြင်းမျိုး၊ မဲပေးပြီးသော်လည်း မဲရလဒ် စောင့်ကြည့်ခြင်းမျိုး တွေ့ရကြောင်း ဖြေဆိုခဲ့ပါသည်။ မဲပေးရခြင်းသည် လွယ်ကူကြောင်း၊ လွတ်လပ်မှုရှိကြောင်း၊ ပွင့်လင်းမြင်သာမှုရှိကြောင်း၊ စောင့်ကြည့်လေ့လာ၍ ရကြောင်း၊ ရလဒ်ကို ချက်ချင်းသိရကြောင်း ပြောကြားကြသည်။ ကချင်ပြည်နယ်တွင် ပြည်သူများက ပြောင်းလဲချင်၍ တက်တက်ကြွကြွဖြင့် နိုင်ငံရေးပါတီကိုကြည့်ပြီး မဲပေးခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ မဲဆန္ဒရှိ လွှတ်တော်ကိုယ်စားလှယ်များကို သေသေချာချာ မသိရှိသူများရှိကြောင်း ဖြေဆိုခဲ့ပါသည်။ အစိုးရမဖွဲ့နိုင်ဟူသော ယူဆချက်ဖြင့် တိုင်းရင်းသားနိုင်ငံရေးပါတီများကို သက်ဆိုင်ရာ မျိုးနွယ်စုဝင်များကပင် မဲပေးခြင်း မရှိခဲ့ကြောင်း ဖြေဆိုကြသည်။ မဲပေးမှုအခြေအနေများကို မွန်ပြည်နယ်မှ ဖြေကြားရာတွင် သုတေသနဖြေဆိုခဲ့သူများက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မွန်ပါတီ သုံးပါတီကွဲနေသဖြင့် ပြည်သူက စိတ်ကုန်နေခြင်း၊ မြို့များရှိ လူအများစုသာ မဲပေးခဲ့ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်ခြင်းတို့ကြောင့် "ပြောင်းလဲချိန်တန်ပြီ"ဆိုသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)ကို မဲပေးခဲ့ကြကြောင်း ဖြေဆိုခဲ့ပါသည်။




ပုံ ၃.၂ – မဲမပေးခဲ့ရသည့် အကြောင်းရင်း

မဲမပေးခဲ့ရပါဟု စစ်တမ်းတွင်ဖြေဆိုသူစုစုပေါင်း ၁၅၆ ဦးအနက် ၄၇.၂ ရာခိုင်နှုန်းသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလတွင် အသက်မပြည့်သေးသောကြောင့် မဲမပေးခဲ့ရခြင်းဖြစ်သည်။ ၃၁.၄ ရာခိုင်နှုန်းသည် မိမိမဲပေးရမည့် မဲဆန္ဒနယ်တွင် မရှိသောကြောင့် မဲမပေးခဲ့ရပါဟု ဖြေဆိုထားကြသည်။ သို့ရာတွင် ဖြေဆိုသူ၏ ၁၀.၇ ရာခိုင်နှုန်းသည် မဲစာရင်းတွင် အမည်မပါဝင်ခြင်း၊ ၇.၅ ရာခိုင်နှုန်းသည် ပါတီနိုင်ငံရေးကို အယုံအကြည်မရှိခြင်းနှင့် ၃.၁ ရာခိုင် နှုန်းကမူ မှတ်ပုံတင်မရှိသောကြောင့် မဲမပေးခဲ့ရပါဟု ဖြေဆိုထားကြောင်း တွေ့ရပါ သည်။

လူတွေ့မေးမြန်းခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ၂၀၁၅ ခုနှစ်၌ မဲပေးခွင့်ရခဲ့သူများ ရှိသကဲ့သို့ အခက်အခဲအချို့ကြောင့် မဲမပေးခဲ့ရသူများလည်း ရှိသည်ကို တွေ့ရှိရပါသည်။ မဲမပေးခဲ့ရသည့် အကြောင်းရင်းအများစုမှာ မှတ်ပုံတင်မရှိခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ခရီးလွန်နေခြင်း၊ ရွေးကောက်ပွဲ အသိပညာ မရှိခြင်း၊ အိမ်ထောင်စုစာရင်းမရှိခြင်းနှင့် မဲစာရင်းတွင် မပါဝင်ခြင်းတို့ကြောင့်ဖြစ် ကြောင်း ယေဘုယျအားဖြင့် ဖြေဆိုထားကြပါသည်။

မဲပေးရလွတ်လပ်တာရှိသလို အချို့မလွတ်လပ်တာတွေလဲရှိတယ်။ ဥပမာ- (၁) အချို့ရေလုပ်သားတွေ မဲပေးချင်တယ် ဒါကြောင့် မဲပေးဖို့အတွက် ပင်လယ်ပြင်မထွက်ချင်ဘူး ဒါပေမယ့် နိုင်ငံရေးနဲ့ဆက်စပ်ပြီး အချို့လှေပိုင်ရှင်တွေက မဲပေးခွင့်မရအောင် ပင်လယ်ထဲထွက်ဖို့ ဖိအားပေးခံရတာတွေရှိတယ် ဒါကိုလူ့အခွင့်ရေးလုပ်နေတဲ့ အရပ်ဖက်အဖွဲ့အစည်းတွေ အနေနဲ့ အရေးဆိုတောင်းဆိုကြတော့ မြို့ပေါ်ရပ်ကွက်နဲ့နီးတဲ့ အချို့တဝက်တွေကတော့ မဲပေးခွင့်ရသွားတယ် ဒီလိုလည်းကြုံရတယ် မဲလာပေးတဲ့သူတွေကို အနှောက်အယှက်ပေးတာတွေမျိုးတော့မရှိဘူး။ ၂၀၁၂ တုန်းကလိုတော့ ကြီးကြီးမားမား ပြဿနာမရှိပါဘူး။ ပြည်သူ ၈၅ ရာခိုင်နှုန်းလောက်က မဲပေးကြဖို့စိတ်ဝင်စားမှု ရှိတယ်လို့ သုံးသပ်ရပါတယ် အခုနပြောတဲ့အခက်အခဲကလွဲလျှင်တော့ ကျန်တာလွတ်လပ်မှုရှိပါတယ်။ တရားမျှတမှု အပိုင်းနဲ့ ပြောရမည်ဆိုပါက မမျှတဖို့အတွက်ကြိုးစားတဲ့ အရိပ်အယောင်တွေ တွေ့ရတယ်။ သို့သော်ပြည်သူ လူထုဝန်းရံမှု အင်အားက အရမ်းကြီးတဲ့အတွက် ညနက်သန်းခေါင် မဲရေတွက်ပြီးသည်အထိ စောင့်ကြပ်ပေးနေကြတော့ လုပ်ချင်တိုင်းလုပ်လို့မရတဲ့ အခြေအနေမှာရှိတယ်။ ပြည်ပကစောင့်ကြည့်ရေးသမားတွေလည်း ပြည်တွင်းထဲထိ ရောက်ရှိနေတဲ့ အခါကျတော့ သူတို့လုပ်ချင်တိုင်း လုပ်လို့မရတဲ့သဘောမှာရှိတယ်။

**ပြည်သူတစ်ဦး၊မြိတ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီးတွင် ရေလုပ်သားအချို့သည် မဲပေးချင်သောကြောင့် ပင်လယ်ပြင်သို့ မထွက်ချင်သော်လည်း အချို့လှေပိုင်ရှင်များက မဲပေးခွင့်မရအောင် ရွေးကောက်ပွဲကျင်းပချိန်တွင် ပင်လယ်ထဲထွက်ရန် ဖိအားပေးမှုများရှိခဲ့သည်။ အရပ်ဖက်အဖွဲ့အစည်းများ၏ အရေးဆိုမှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့်နီးသည့် လှေအချို့မှာမဲပေးခွင့်ရခဲ့သည်ဟု သိရှိခဲ့ရသည်။ မည်သို့မဲပေးရမည်ကို မသိသည့် မဲဆန္ဒရှင်များရှိသဖြင့် ပယ်မဲအဖြစ်များခဲ့သည်ဟုလည်း ဖြေဆိုခဲ့ပါသည်။ ရှမ်းပြည်နယ်တွင် မေးမြန်းရာ၌ မှတ်ပုံတင် မရှိခြင်း၊ မဲရုံရှိသော နေရာကို သွားရမည့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ မဲစာရင်းရှိ မဲပေးမည့်သူ မှတ်ပုံတင် စိစစ်ခြင်း၌ စာရွက်များလှန်ကာ ရှာဖွေရာတွင် အချိန်ကြာခြင်း၊ မဲပေးမည့် လူဦးရေနှင့် မဲရုံချထားပေးမှု မမျှတဘဲ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရ၍ မဲမပေးတော့ဘဲ အိမ်ပြန်သွားခြင်း၊ စားဝတ်နေရေး အဆင်မပြေ၍ နိုင်ငံရေးကို စိတ်မဝင်စားတော့ပဲ မဲမပေးခြင်း၊ စစ်ပွဲများ ဖြစ်ပွားနေ၍ ရွေးကောက်ပွဲ မလုပ်သောကြောင့် မဲမပေးရခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာ အားနည်းခြင်း (မဲပေးပုံပေးနည်း မသိခြင်း၊ မဲစာရင်း မကြည့်တတ်ခြင်း)တို့ကြောင့် ဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်။ အချို့မဲဆန္ဒရှင်များ

သည် စာမတတ်၍ မဲဆန္ဒတံဆိပ်တုံးကို မထုတတ်သောကြောင့် ပယ်မဲများခဲ့ကြောင်းလည်း ဖြေဆိုခဲ့ပါသည်။

"ပြီးခဲ့တဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာတော့ NLD ပါတီက အနိုင်ရသွားတယ်။ (၄)ပါတီ လောက်ပြိုင်ပါတယ်။ တစည၊ NLD၊ ကြံ့ခိုင်ရေး၊ KPP အဲ့ဒီအချိန်က ကျွန်တော်က ကျောင်းဆရာဖြစ်တော့ မဲရုံထဲမှာ အလုပ် လုပ်ပေးရတယ်ပေါ့နော်။ ပြည်သူတွေအနေနဲ့ မဲပေးတဲ့ ပုံစံမျိုးကို သူတို့ ဗဟုသုတ သိပ်မရှိကြဘူး။ ပြီးရင် မဲထည့်ပုံထည့်နည်းတွေလည်း သိပ်မသိကြပါဘူး။ ပယ်မဲတွေအများကြီးပဲခင်ဗျာ။ မဲရုံကလည်း ကျဉ်းမြောင်း တော့လူတွေ ကြပ်တယ်။ တစ်ရက်တည်းနဲ့မပြီးပဲနဲ့ ညဘက်ပါလာတယ်။ သတ်မှတ်ထားတဲ့အချိန်ထက် ပိုနေတယ်။ ပြီးတော့ မဲရေတွက်တဲ့အချိန်ကလည်း နောက်နေ့ကူးသွားတယ်ပေါ့နော်။ ဘာဖြစ်လည်းဆိုတော့ ညနေဘက်ဆို မဲရုံပိတ်ပစ်လိုက်တာကိုး။ ပြီးတော့ ပယ်မဲတွေ စစ်တယ်။ မဲရေတွက်တယ်။ မနက် (၄) နာရီ လောက်မှ ပြီးတယ်ပေါ့နော်။"

**ပန်းတနော်ကရင်လူငယ်အဖွဲ့ခေါင်းဆောင်တစ်ဦး**


ဧရာဝတီတိုင်းဒေသကြီးတွင် တံဆိပ်တုံးကို အဖုံးမဖွင့်ဘဲ ရိုက်သွားခြင်းကြောင့် ပယ်မဲများစွာတွေ့ရကြောင်းနှင့် မဲရုံများ ကျဉ်းမြောင်းသည်ဟု ဖြေဆိုကြသည်များ ရှိခဲ့သည်။ ကချင်ပြည်နယ်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမပေးရသည့် အကြောင်းရင်းမှာ တန်းစီရပြီး အချိန်အကြာကြီး စောင့်ရသောကြောင့် ဟုဖြေဆိုကြသည်။ မဲစာရင်းတွင် မဲဆန္ဒရှင်အချို့ အမည်မပါလာ၍ မဲပေးခွင့် မရခဲ့ကြောင်း ဖြေဆိုမှုများလည်းရှိသည်။ မွန်ပြည်နယ်မှ မဲမပေးခဲ့သူများက မဲစာရင်းတွင် အမည်များကို အိမ်ထောင်စုအလိုက် မဟုတ်ဘဲ အက္ခရာစဉ်ဖြင့် စဉ်ထားသဖြင့် နာမည်ရှာဖွေရန် ခက်ခဲခြင်း၊ ဒေသတွင်းတွင် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်သူ များပြား၍ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များသာ ကျန်ရစ်ခြင်း၊ မဲစာရင်းမှားခြင်း (ကွယ်လွန်သူ၏ အမည်စာရင်းများ ပါရှိခြင်း၊ လက်ရှိ ရှိနေသူတို့၏ အမည်စာရင်းများ မပါရှိခြင်း၊ မဲစာရင်းပြင်ရန် လျှောက်ထားပြီး ဒုတိယအကြိမ် မဲစာရင်း ထွက်လာသည့်အခါ မူလမှန်သည့် နာမည်များ မှားသွားခြင်း)၊ ကြိုတင်မဲထည့်ရန် အခက်အခဲရှိခြင်း၊ ဒေသခံ တိုင်းရင်းသားပါတီများ နှစ်ခု၊ သုံးခုကွဲနေ၍ နိုင်ငံရေးကို စိတ်ပျက်ပြီး မဲမထည့်ကြခြင်း၊ ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒနယ်ပြင်ပသို့ ခရီးသွားခြင်း၊ မဲရုံသို့ သွားရန် ခက်ခဲခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်။

"ကျေးလက်နေ ပြည်သူတွေအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာအားနည်းလွန်းတယ်။ မဲပေးပုံ၊ ပေးနည်း မသိကြဘူး။ မဲစာရင်း မကြည့်တတ်ဘူး။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ လိုက်လုပ်ပေးရတယ်။ တစ်ချို့ဆို မဲပေးရမယ့်ရက်မှာ မဲရုံကိုတောင် မသွားပဲ အလုပ်သွားတဲ့ လူတောင်ရှိသေးတယ်။"

**အုပ်ချုပ်ရေးမှူးတစ်ဦး၊ မိုင်းစံမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)**

မဲရေတွက်ရာတွင် ပယ်မဲမဖြစ်သင့်သည်ကို ပယ်မဲအဖြစ်ထည့်သွင်းမှုများရှိပြီး ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်သည် သမာသမတ်ရှိရန်၊ ပါတီစွဲကင်း၍ ဘက်မလိုက်ရန်လိုအပ်ကြောင်းလည်း အကြံပြုဆွေးနွေးကြသည်။ မဲရုံစောင့်ကြည့်မှု အားနည်းပြီး မဲရုံစောင့်ကြည့်သူများက မဲရေတွက်ပြီးသည်အထိ မဲရုံတွင် အချိန်မပေးနိုင်မှုများ ရှိခဲ့ကြောင်းလည်း ရှင်းပြကြသည်။ တပ်မတော်၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေစာရင်းကို အတိအကျ မသိရ၍ လူမရှိသော်လည်း ကြိုတင်မဲများနှင့် အနိုင်ယူသွားနိုင်သည့် အခြေအနေဖြစ်ခဲ့ကြောင်း ဖြေဆိုခဲ့ပါသည်။ မဲဆန္ဒရှင်များ မနစ်နာအောင် မဲစာရင်းကို စနစ်တကျပြုစုဖို့ လိုအပ်သည်ဟုလည်း ဆိုကြသည်။

## ၃.၂ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေပေါ်အမြင်




ပုံ ၃.၃ – ဒေသတွင်းတွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များအား သိရှိနေမှုအခြေအနေ

ပြည်သူလူထုအနေဖြင့် မိမိတို့ဒေသတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအားသိရှိမှု အခြေအနေနှင့်ပတ်သက်၍ တစ်ခုထက်ပို၍ ဖြေဆိုနိုင်သည့်မေးခွန်းကို မေးမြန်းရာတွင် စစ်တမ်း ဖြေဆိုခဲ့သူစုစုပေါင်း၏ ၅၇.၆ ရာခိုင်နှုန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို သိရှိသည်ဟု ဖြေဆို ထားကြပြီး ၅၆.၄ ရာခိုင်နှုန်းက ပြည်နယ်/တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ၄၆.၃ ရာခိုင်နှုန်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား သိရှိသည်ဟု ဖြေဆိုထားကြပါသည်။ ဖြေဆိုသူစုစုပေါင်း၏ ၂၆.၅ ရာခိုင်နှုန်းကမူ တစ်ဦးတစ်ယောက်ကိုမျှမသိပါဟု ဖြေဆိုထားသည်ကို တွေ့ရှိရသည်။

လက်ရှိလွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လူတွေ့မေးမြန်းရာ၌ ပြည်နယ်နှင့် တိုင်းဒေသများတွင် မိမိတို့၏လွှတ်တော်ကိုယ်စားလှယ်များ မည်သူမည်ဝါ ဆိုသည်ကို သိရှိသူနည်းပါးခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကိုသာ အများအားဖြင့်သိရှိကြပြီး ပြည်သူနှင့် ထိတွေ့ဆက်ဆံမှု လွန်စွာနည်းပါးသည်ဟု ဖြေကြားသူများသည်ကို တွေ့ရသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ လွှတ်တော်ကိုယ်စားလှယ်များအပေါ် သိရှိမှုအခြေအနေမှာ လက်ရှိလွှတ်တော်ကိုယ်စားလှယ်များသည် အလုပ်ကြိုးစားသော်လည်း အောက်ခြေပြည်သူနှင့် ထိတွေ့မှုအားနည်းနေကြောင်း၊ ချိတ်ဆက်မှုနည်းနေကြောင်း မြောင်းမြမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့တွင် အချို့ဒေသရပ်ရွာများသို့ လွှတ်တော်ကိုယ်စားလှယ်များ တစ်ခါမျှ ရောက်လာခြင်းမရှိကြောင်း ဖြေဆိုခဲ့မှုများလည်းရှိခဲ့သည်။ အထူးသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များကို မသိရှိကြသူများပါသည်။


သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ် အချို့သည် ပြည်သူများနှင့် ထိတွေ့မှုရှိကြောင်း၊ ပြည်သူကို အလေးထားသည်ဟု ထင်မြင်ကြောင်း ဖြေဆိုကြခြင်းလည်းရှိသည်။ လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရဌာနဆိုင်ရာများနှင့်ပြည်သူများကြားတွင် အဆင်ပြေအောင် ညှိနှိုင်းလုပ်ဆောင်ပေး နေသည်ဟု မြင်ကြသည်။ နိုင်ငံရေးလေ့လာသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ထိတွေ့မှုရှိကြောင်းလည်း ထင်မြင်သုံးသပ်ကြသည်။ အချို့ ပြည်သူများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို စိတ်မဝင်စားကြောင်းလည်း ပြောပြကြသည်။ လွှတ်တော်ကိုယ်စားလှယ်ဟောင်းများသည် ပြည်သူနှင့်တွေ့ဆုံပွဲ၊ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲများ ပြုလုပ်ခဲ့သော်လည်း ယခု လွှတ်တော် ကိုယ်စားလှယ်များ ထိုသို့ ပြုလုပ်သည်ကို မတွေ့ရဟုဆိုသည်။

"လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လုပ်ဆောင်ချက်တွေကိုတော့ အားရကျေနပ်မိပါတယ်။ မိမိတို့ပြည်သူတွေကို အမြဲတမ်းဦးစားပေးလုပ်ဆောင်ပေးတာတွေ အတွက်လည်း စိတ်ကျေနပ်မှုရှိပါတယ်။ ပြည်သူတောင်းဆိုသမျှတော့ မရပေမယ့် အခြေခံလိုအပ်ချက်တွေကိုတော့ ဖြည့်ဆည်းပေးနိုင်တယ်လို့တော့ မြင်တယ်။"

**အမျိုးသမီးရေးရာတာဝန်ရှိသူတစ်ဦး၊မိုင်းစံမြို့နယ်၊ရှမ်းပြည်နယ်(တောင်ပိုင်း)**

ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ ထိတွေ့ဆက်ဆံမှုမှာ အလွန်နည်းပါးသည်ဟု ဖြေကြားကြသည်။ ကချင်ပြည်နယ်အတွင်းရှိ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးဖြစ်သူများသည် လွှတ်တော်ကိုယ်စားလှယ် တာဝန်ကျေပြွန်မှုမရှိဟု သုတေသနမေးမြန်းရာတွင် အချို့ကဖြေကြားခဲ့ကြသည်။ မွန်ပြည်နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်အချို့သည် ပြည်သူများကို လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း မျိုးလည်းမရှိကြဟုသိရသည်။ အစိုးရအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများနှင့် ထိတွေ့မှုနည်းပါးကြပြီး သာမာန် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများနှင့် ထိတွေ့မှု ပိုများကြသည်ဟု ဖြေဆိုခဲ့ကြသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ပါဝင်သွားသည့်၊ တိုင်းဒေသကြီးလွှတ်တော်တွင် ဥက္ကဋ္ဌဖြစ်သွားသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန်မလိုပဲ အစိုးရအဖွဲ့ဝင်ဖြစ်သွား၍ ပြည်သူများအတွက် မေးခွန်းမေးခြင်း၊ အဆိုတင်သွင်းခြင်းတို့ မပြုလုပ်နိုင်တော့ဘဲ ပြည်သူနှင့် ကင်းကွာသွားကြောင်း ဖြေဆိုခဲ့ပါသည်။ ပြည်သူများနှင့် ဆက်စပ်မှုမရှိဘဲ လွှတ်တော်ကိုယ်စားလှယ်များသည် စိတ်ကူးပေါက်သည့်အတိုင်း လုပ်ဆောင်နေသည်ဟု ဖြေဆိုသူအချို့လည်းရှိသည်။

တနင်္သာရီတိုင်း ဒေသကြီးတွင် လွှတ်တော်ကိုယ်စားလှယ် အချို့ကို လုံးဝမသိရှိပါဟု ဖြေဆိုသူများလည်းရှိပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲနောက်ပိုင်း သက်ဆိုင်ရာ မဲဆန္ဒနယ်များသို့ ကွင်းဆင်းခြင်း မပြုလုပ်သောကြောင့် လွှတ်တော်ကိုယ်စားလှယ် အချို့ကို မမြင်ဖူးဟုလည်း ဆိုပါသည်။ ပြည်သူများအခက်အခဲတစ်စုံတစ်ရာရှိ၍ အကူအညီတောင်းလိုလျှင် လွှတ်တော် ကိုယ်စားလှယ်အချို့ကို မည်သို့ချိတ်ဆက်ရမည်ကိုပင် မသိကြောင်း ဖြေဆိုမှုများရှိသည်။ လွှတ်တော်ကိုယ်စားလှယ်အချို့သည် အစိုးရဌာနဆိုင်ရာများ၏ ပြောစကားကို ယုံကြည်ပြီး သက်ဆိုင်ရာ မဲဆန္ဒနယ်သို့ ကွင်းဆင်းခြင်းမရှိဟုလည်း ဖြေဆိုကြသည်။




**ပုံ ၃.၄ – လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိက တာဝန်များကို ပြည်သူများအနေဖြင့်နားလည်ထားမှု**


လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ပြည်သူလူထု အနေဖြင့် သိရှိနေမှု အခြေအနေ နှင့်ပတ်သက်သည့် စစ်တမ်းမေးခွန်းကို ဖြေဆိုရာတွင် ဖြေဆိုသူဦးရေစုစုပေါင်း၏ ၆၈.၆ ရာခိုင်နှုန်းမှာ လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များ/ဆန္ဒများကို အစိုးရသို့ တင်ပြရေးတွင် တာဝန်ရှိသည်ဟုဆိုသည်။ ၅၇.၂ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များမှာ ဥပဒေပြုရေးဖြစ်သည်ဟု ထင်မြင်ယူဆကြပါသည်။ ထို့အပြင် စစ်တမ်းဖြေဆိုသူ စုစုပေါင်း၏ ၁၂.၉ ရာခိုင်နှုန်းက မသိပါ/မပြောတတ်ပါဟု ဖြေဆိုထားကြပြီး၊ ၁၁.၄ ရာခိုင်နှုန်းသည် အုပ်ချုပ်ရေးနှင့် ၆.၆ ရာခိုင်နှုန်းသည် တရားစီရင်ရေး လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြသည်ဟု ဖြေဆိုသည်။

"လွှတ်တော်ကိုယ်စားလှယ်၏ အဓိကလုပ်ဆောင်ချက်များမှာ ဥပဒေပြုရေး၊ မဏ္ဍိုင်ကြီး(၃) ရပ် ဖြစ်သော ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကို အပြန်အလှန်ထိန်းညှိရေးနှင့် မိမိ၏ မဲဆန္ဒနယ်ရှိ ပြည်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ရေးဖြစ်ကြောင်း၊ မိမိသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့်အပြင် ဒေသဦးစီးအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သောကြောင့် မိမိမဲဆန္ဒနယ်တွင် အုပ်ချုပ်ရေးကိုပါ ဆောင်ရွက်နေရကြောင်း၊ လွှတ်တော်တွင် ကော်မတီ လုပ်ငန်းများဆောင်ရွက်ရကြောင်း၊ ပြည်သူများအခက်အခဲနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်နိုင်ရန် ကွင်းဆင်းလေ့လာခြင်း၊ ပြည်သူနှင့် အစိုးရအဖွဲ့အစည်းများအကြားနှင့် လူမှုအဖွဲ့အစည်းများ အကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပြည်သူများမှ ဒေသဦးစီးအဖွဲ့သို့ တင်ပြလာမှုကို စိစစ်၍ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း၊ အချို့ဒေသသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကြောင့် ဖွံ့ဖြိုးရေး လုပ်ဆောင်ရာတွင် အဆင်ပြေစေရန် ဒေသခံနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအား ကြိုတင်ညှိနှိုင်းမှု လုပ်ဆောင်ပေးရခြင်း၊ အစိုးရမှ ဘတ်ဂျက်ချထားပေးသော လုပ်ငန်းများ၏ လုပ်ဆောင်မှုများကို မြေပြင်တွင် ကွင်းဆင်း လေ့လာကြည့်ရှုခြင်းတို့ ပြုလုပ်ရတယ်။"

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)**

လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်များနှင့်ပတ်သက်ပြီး ပြည်သူ လူထု၏သိရှိမှု အခြေအနေများကို တစ်ဦးချင်းနှင့် အုပ်စုဖွဲ့မေးမြန်းခဲ့ရာတွင် ဥပဒေများကို အပြန်အလှန် သုံးသပ်ခြင်း၊ ခေတ်နဲ့လျော်ညီအောင် ပြင်ဆင်ခြင်း၊ လိုအပ်သောဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း၊ လိုအပ်တာနဲ့ လိုချင်တာကို ဒေသခံများ နားလည်အောင် ရှင်းပြခြင်းတို့ဖြစ်ကြောင်း ဖြေဆိုထားကြပါသည်။ ထို့ပြင် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ အခြေခံ အဆောက်အအုံများ နှင့်(လမ်း၊ တံတား၊ ဆည်မြောင်း) ပတ်သက်သည့်ကိစ္စများမှ ပြည်သူ့လိုအပ်ချက်များကို သက်ဆိုင်ရာ လွှတ်တော်များမှ တစ်ဆင့် အစိုးရထံတွင် တောင်းဆိုပေးရန်နှင့် ကူညီပေးရန်၊ ဥပဒေများကို သင့်လျော်မှန်ကန်စွာ ပြင်ဆင်ရန်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းရန်၊ သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ပြည်သူများနှင့် ပုံမှန် ပွင့်လင်းမြင်သာစွာ တွေ့ဆုံရန်၊ ပြည်သူကို ကိုယ်စားပြုရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်၊ ဘတ်ဂျက် သုံးစွဲမှုများနှင့် လုပ်ငန်းလုပ် ဆောင်မှုများကို လေ့လာစောင့်ကြည့်စစ်ဆေးရန်၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကို အပြန်အလှန် ထိန်းညှိပေးရန်၊ ပြည်သူနှင့် အစိုးရဌာနများအကြား၊ လူမှုအဖွဲ့အစည်း များအကြား ချိတ်ဆက်ပေးရန်၊ ပြည်သူများနှင့် လက်နက်ကိုင် အဖွဲ့အစည်းများ အကြား ညှိနှိုင်းပေးရန်၊ ပြည်သူ့အသံ နားထောင်ရန်တို့ဖြစ်ကြောင်း ဖြေဆိုခဲ့ပါသည်။

## ၃.၃ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ဆောင်မှုများအပေါ် သဘောကျနှစ်ခြိုက်မှု




ပုံ ၃.၅ - လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ဆောင်မှုများအပေါ် သဘောကျကျေနပ်မှု

လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ဆောင်မှုများအပေါ် သဘောကျနှစ်ခြိုက်မှု အခြေအနေကို စစ်တမ်းတွင် မေးမြန်းရာ၌ ဖြေဆိုသူစုစုပေါင်း၏ ၂၈.၈ ရာခိုင်နှုန်းသည် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သဘောကျနှစ်ခြိုက် ကြသော်လည်း ဖြေဆိုသူများ၏ ၂၈.၅ ရာခိုင်နှုန်းသည် ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် မသိပါ မပြောတတ်ပါဟု ဖြေဆိုထားကြပါသည်။ ဖြေဆိုသူများအနက် ၂၄.၆ ရာခိုင်နှုန်းသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏ လုပ်ငန်းလုပ်ဆောင်မှုများအပေါ် သဘောကျပြီး၊ ၁၉ ရာခိုင်နှုန်းသည် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် သဘောကျနှစ်ခြိုက်ကြောင်း ဖြေဆိုထားကြပါသည်။ သို့ရာတွင် စစ်တမ်းဖြေဆိုသူ စုစုပေါင်း၏ ၂၃.၈ ရာခိုင်နှုန်းသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျေနပ် သဘောကျခြင်းမရှိပါဟု ဖြေဆိုသည်။

"လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များမှာ ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်းစသည့် အခြေခံ အဆောက်အအုံများ တည်ဆောက်ရာတွင် ယခင်ထက် ပိုမိုထိရောက်အောင် စွမ်းဆောင်နိုင်ခဲ့ကြပါသည်။ သို့ရာတွင် မူးယစ်ဆေးဝါးပြဿနာ၊ လာဘ်ပေးလာဘ်ယူကိစ္စရပ်များတွင် ကျေနပ်စရာကောင်းလောက်အောင် မစွမ်းဆောင်နိုင်ခဲ့ပါ။"

**ပြည်သူတစ်ဦး၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်**

လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူများ၏ အားကိုးယုံကြည်မှု အခြေအနေနှင့်ပတ်သက်၍ မေးမြန်းရာတွင် အချို့သော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတားနှင့် ကျောင်းများ တည်ဆောက်ပြုပြင်နိုင်ရန် လာရောက်ကြည့်ရှုကူညီဖြေရှင်းခဲ့၍ ယုံကြည်အားကိုးမှု ရှိကြောင်း အများအားဖြင့်ဖြေဆိုခဲ့ပါသည်။ မြေသိမ်းဆည်းခံရမှုကဲ့သို့ ကိစ္စများကို ပြေလည်အောင်မဆောင်ရွက်ပေးနိုင်မှု၊ လွှတ်တော်တွင် မတင်ပြပေးနိုင်မှုများ၊ ရွေးကောက်ပွဲပြီးနောက် လွှတ်တော်ကိုယ်စားလှယ်အချို့ကို ပြည်သူများမှယုံကြည်မှု တဖြည်းဖြည်း ကျဆင်းလာစေကြောင်း ဖြေဆိုခဲ့ပါသည်။ အလုပ် မလုပ်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ပြန်လည်ရွေးချယ်မှု လုပ်မည်မဟုတ်ဟူ၍ ပြောဆိုမှုများလည်း ရှိကြောင်း ဖြေဆိုခဲ့ပါသည်။ လက်ရှိ လွှတ်တော်ကိုယ်စား လှယ်များကို ပညာတတ်များနှင့် စီးပွားရေးသမားများမှ ယုံကြည်မှု မရှိဘဲ အခြေခံပြည်သူများမှ ယုံကြည်မှုရှိကြောင်း ဖြေဆိုခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိရောက်စွာ ပြင်ဆင်နိုင်မှု မရှိသေးသရွေ့ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်မှု အားနည်းနေမည် ဖြစ်ကြောင်း ဖြေဆိုခဲ့ပါသည်ဟု တနင်္သာရီတိုင်းမှ မေးမြန်းချက်များအရ တွေ့ရှိရပါသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်မှုမရှိ၍ လာမည့်ရွေးကောက်ပွဲတွင် မဲပေးမည်ဟု မဟုတ်ဟူ၍ ပြောဆိုမှုများရှိကြောင်း ဖြေဆိုခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ထက် သက်ဆိုင်ရာ နိုင်ငံရေးပါတီကို ပိုပြီး ယုံကြည်မှုရှိကြောင်း ဖြေဆိုခဲ့ပါသည်။

လက်ရှိ လွှတ်တော်ကိုယ်စားလှယ် လုပ်ဆောင်ချက်ကိုတော့ ကျေနပ်တယ်။ ရပ်ရွာရဲ့ လိုအပ်ချက်ကို လူကိုယ်တိုင် လာရောက်စစ်ဆေးပေးပြီးမှ လိုအပ်တဲ့ ထောက်ပံ့မှုတွေကို အထက်ကို တင်ပြတောင်းဆိုတယ်။ တကယ်လည်းရတယ်။ အလုပ်ကြိုးစားတယ်လို့ မြင်တယ်။ သူ့မိခင်ပါတီနဲ့ ချိတ်ဆက်မှု၊ လုပ်ဆောင်မှုလည်း အားကောင်းတယ်လို့ မြင်တယ်။

**ရပ်မိရပ်ဖ တစ်ဦး(၁) ရပ်ကွက်၊ မိုင်းစံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**

ရှမ်းပြည်နယ်အတွင်း လူတွေ့သုတေသနပြုမှုများအရ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူ၏ ယုံကြည်မှုများမှာ လွှတ်တော်ကိုယ်စားလှယ်အချို့သည် ယခင်ကတည်းက ပြည်သူအကျိုး၊ ဘာသာအကျိုး လုပ်ဆောင်သူများဖြစ်သောကြောင့် ပြည်သူ၏ ယုံကြည်မှုကို ရရှိထားကြောင်း ဖြေဆိုခဲ့ပါသည်။ အလုပ်ဖြင့် သက်သေပြသဖြင့် လွှတ်တော်ကိုယ်စားလှယ် အချို့ကို ပြည်သူအများစုက လေးစားယုံကြည်ကြောင်း ဖြေဆိုခဲ့ပါသည်။ တောင်းဆိုထားသည့် ကိစ္စများ မရသေး၊ မဖြစ်သေးသဖြင့် ပြည်သူအချို့မှ ကိုယ်စားလှယ်အချို့ကို အမြင်စောင်းကြောင်း၊ သံသယရှိကြောင်းလည်း ထပ်လောင်းဖြေဆိုခဲ့ပါသည်။


ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူများသည် လွှတ်တော်ကိုယ်စားလှယ်များထက် သက်ဆိုင်ရာ နိုင်ငံရေးပါတီခေါင်းဆောင်ကို ချစ်ခင်ယုံကြည်သည်ဟု ဖြေဆိုခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူများက မဲပေးထားသဖြင့်၊ ပြည်သူများမှ တင်ပြနိုင်၍ အားကိုးယုံကြည်မှုရှိကြောင်း ဖြေဆိုထားပါသည်။ လယ်ယာမြေ ကိစ္စများ၊ အင်းကိစ္စများကို ဖြေရှင်းပေးသဖြင့်၊ ကျောင်းများ၊ လမ်းများ၊ ဆေးပေးခန်းများ၊ ဆည်မြောင်းများ၊ ရေကန်များ ရရှိအောင် ပြုလုပ်ပေးနိုင်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူများက ယခင်ကထက် လေးစားယုံကြည်မှု ရှိကြောင်း ဖြေဆိုခဲ့ပါသည်။



ကချင်ပြည်နယ်၊ ဗန်းမော်မြို့မှအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် တစ်ဦးအားမေးမြန်းခြင်း

# အခန်း (၄)
# လက်ရှိမြန်မာနိုင်ငံရေးနှင့် နိုင်ငံရေးခေါင်းဆောင်မှု

## ၄.၁ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအပေါ် ပြည်သူလူထု သဘောထားအမြင်




ပုံ ၄.၁ – မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ လွန်ခဲ့သည့် (၅) နှစ် နှင့်နှိုင်းယှဉ်လျှင် –

စစ်တမ်း၌ ပြည်သူလူထုအား မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ ပြောင်းလဲလာမှုအပေါ် လွန်ခဲ့သည့် (၅)နှစ်နှင့် နှိုင်းယှဉ်မေးမြန်းခဲ့ရာ ဖြေဆိုသူ အားလုံး၏ ၆၄.၁ ရာခိုင်နှုန်းက ကောင်းမွန်လာသည်ဟု ဖြေဆိုထားကြပြီး ၁၃.၂ ရာခိုင်နှုန်းက ဆိုးရွားလာသည်ဟု ဖြေဆိုထားကြပါသည်။ ထို့အပြင် ၁၀.၆ ရာခိုင်နှုန်းသည် ယခင်အတိုင်းပင် ဘာမှမပြောင်းလဲပါ ဟုဖြေဆိုထားကြသကဲ့သို့ ၄.၅ ရာခိုင်နှုန်းသည် အလွန်ကောင်းမွန်လာသည်ဟုလည်း ဖြေဆိုထားကြပါသည်။ သို့ရာတွင် ၄.၃ ရာခိုင်နှုန်းသည် မသိပါ/မပြောတတ်ပါဟု ဖြေဆိုကြပြီး ၃.၂ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ လွန်ခဲ့သည့် (၅)နှစ်နှင့် နှိုင်းယှဉ်လျှင် အလွန်ဆိုးရွားလာသည်ဟု ဖြေဆိုထားကြပါသည်။ ကောင်းမွန်လာသည်၊ အလွန်ကောင်းမွန်လာသည်ဟု အပြုသဘောဆောင်သည့် အဖြေများကို ဖြေဆိုသူရာခိုင်နှုန်းမှာ ၆၈.၆ ရာခိုင်နှုန်းရှိသည်။ ဆိုးရွားလာသည်၊ အလွန်ဆိုးရွားလာသည် ဟုဖြေဆိုသူအရေအတွက်မှာ ၁၆.၅ ရာခိုင်နှုန်းဖြစ်သည်။

တွေ့ဆုံမေးမြန်းသုတေသနလုပ်ရာတွင်လည်း မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ ပြောင်းလဲလာမှုအပေါ် လွန်ခဲ့သည့် (၅)နှစ်နှင့် နှိုင်းယှဉ်၍မေးမြန်းခဲ့ရာ၌ ၂၀၁၀–


ခုနှစ်မှာဒီမိုကရေစီစနစ် စတင်ပြောင်းလဲသောကာလဖြစ်ပြီး သမိုင်းကြောင်းအရ ဒီမိုကရေစီအစစ်အမှန် ရရှိနိုင်ရန်ခက်ခဲပြီး အချို့မှာမပြောင်းလဲချင်ကြသည်ကို တွေ့လာရသည်ဟုဆိုသည်။ အစပိုင်းတွင် ဒီမိုကရေစီအနှစ်သာရမှာ ပေါ့နေပြီး မြန်မာ့နိုင်ငံရေးအခြေအနေမှာ လွန်ခဲ့ သည့်(၅)နှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ပိုမိုပွင့်လင်းမြင်သာမှုများရှိလာပြီး စစ်ရေးမှလွှဲ၍ကျန်ကဏ္ဍများ တဖြည်းဖြည်း ဒီမိုကရေစီစံချိန်စံညွှန်းနှင့် အညီ တစ်စိတ်တစ်ပိုင်း တက်ကြွတိုးတက် ပြောင်းလဲ ကောင်းမွန်လာသည်ကိုတွေ့လာရပါသည်ဟု အများ အားဖြင့်ဖြေဆိုခဲ့ကြပါသည်။

၂၀၁၀ – ၂၀၁၅ သက်တမ်းကာလသည် ဒီမိုကရေစီစနစ် စတင်ပြောင်းလဲသောကာလဖြစ်ပြီး ပြည်သူလူထုမှာ နိုင်ငံရေး ရေချိန်အားနည်းနေသေးသော်လည်း အုပ်ချုပ်သည့်ပုဂ္ဂိုလ်မှာ အုပ်ချုပ်ရေး ယန္တရားကို နိုင်နင်းကျင်လည်စွာ အုပ်ချုပ်တတ်သည့်ပုဂ္ဂိုလ်ဟု မေးမြန်းခဲ့သူအချို့က ရှုမြင်ကြသည်။ ၂၀၁၅ ခုနှစ်နောက်ပိုင်း အုပ်ချုပ်သည့်ပုဂ္ဂိုလ်မှာ သက်တမ်းနုနေသေးသဖြင့် အတွေ့အကြုံနည်းနေသေးသောကြောင့် နှောင့်နှေးကြန့်ကြာနေမှုများရှိနေသည်။ သို့ရာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပိုမို လုပ်ဆောင်နိုင်ပြီး ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များမှာ ထိရောက်မှုမရှိကြောင်း သုံးသပ်ပြောကြားသူ လည်းရှိသည်။ အချို့နေရာများတွင် ယခုအချိန်အထိ ငြိမ်းချမ်းစွာစာသင်ခွင့်မရသေးကြောင်း နိုင်ငံရေး ပြဿနာများ တည်ရှိနေဆဲဖြစ်ကြောင်းလည်း ဖြေဆိုထားပါသည်။

> "အများပိုင်ဆိုင်ရာတိုးတက်မှုကတော့ လမ်းတို့၊ စာသင် ကျောင်းတို့၊ မီးတို့၊ အစရှိတဲ့အဲ့ဒါတွေက အင်မတန် အရမ်းတိုးတက်လာတယ်။ လမ်းနဲ့မီးအပိုင်းမှာ တော်တော်လေးကို ဘတ်ဂျက်ချပေးပါတယ်။ နောက်တစ်ခါ ဒီအိမ်မဲမြို့နယ်မှာ စာသင်ကျောင်း၊ ဥပမိရုပ်မကောင်းတဲ့ကျောင်းတွေ သိပ်မရှိတော့ပါဘူး။ တိုးတက်လာတဲ့အနေအထားမှာ တွေ့ရတယ်။"
>
> **ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊**

၂၀၁၀ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်းတွင် ပြောရေးဆိုခွင့်ပိုမို ပွင့်လင်းမြင်သာမှုရှိလာပြီး သိမ်းဆည်းခံမြေယာကိစ္စများတွင် ပိုမိုကျယ်ပြန့်စွာ တောင်းဆိုမှုများရှိလာပါသည်။ အချို့ဒေသများမှာ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ပေးခြင်းမျိုးရှိကြောင်းလည်း ဖြေကြားကြသည်။ နိုင်ငံရေး အခြေအနေအပေါ် ခြုံငုံသုံးသပ်ရမည်ဆိုပါကလည်း ပညာရေးဘတ်ဂျက်တိုးတက်လာပြီး အရှေ့တောင်အာရှနိုင်ငံများ၌ ပညာရေးအသုံးစရိတ်အနည်းဆုံးဆိုသည့် အခြေအနေတစ်ခုကို

ကျော်ဖြတ်လာခဲ့ပြီဖြစ်ကြောင်း၊ ပညာရေးမူဝါဒအပြောင်းအလဲကာလတွင် အခက်အခဲအနည်းငယ် ကြုံတွေ့ခဲ့ပြီးနောက် တဖြည်းဖြည်း အဆင်ပြေချောမွေ့ လာသည်ကိုလည်း တွေ့ခဲ့ရကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် လည်း အဆောက်အဦကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ ဝန်ထမ်းပိုင်းဆိုင်ရာများတွင်လည်း တော်တော်များများ တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရကြောင်း၊ တရားဥပဒေစိုးမိုးရေးကဏ္ဍမှာ တိုးတက်သင့်သလောက် တိုးတက်မှုမရှိကြောင်း၊ ဖြေဆိုခဲ့ကြသော်လည်း အချို့မှာ လွန်ခဲ့သည့် (၅)နှစ်နှင့် နှိုင်းယှဉ်မည်ဆိုပါက နိုင်ငံရေးအခြေအနေမှာ စစ်ပွဲများ၊ ဆန္ဒပြပွဲများ၊ လူသတ်မှုများ၊ မုဒိန်းမှုများ ပိုမိုဖြစ်တိုးပွားလာကြောင်း ဖြေဆိုခဲ့ကြပြီး အချို့မှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များ ရှိလာသော်လည်း ငြိမ်းချမ်းရေးမှာ အလှမ်းပိုဝေးလာသည်ဟု ဖြေကြားကြသည်။




**ပုံ ၄.၂ – လွန်ခဲ့သည့် (၅)နှစ်နှင့် နှိုင်းယှဉ်လျှင် ဒေသတွင်း သိသာစွာတိုးတက်ကောင်းမွန်လာသော ကဏ္ဍများ**

ဆက်လက်၍ လွန်ခဲ့သော (၅)နှစ်နှင့် နှိုင်းယှဉ်လျှင် မိမိတို့ဒေသတွင်း သိသာစွာ တိုးတက်ကောင်းမွန်လာသောကဏ္ဍများကို စစ်တမ်းတွင် စဉ်းစားဖြေဆိုစေရာတွင် ဖြေဆိုသူများ၏ ၇၄.၄ ရာခိုင်နှုန်းသည် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်ဟု ဖြေဆိုထားသည်။ ၄၈.၁ ရာခိုင်နှုန်းသည် လျှပ်စစ်မီး

လင်းရေးကဏ္ဍတွင်လည်းကောင်း၊ ၃၇.၃ ရာခိုင်နှုန်းသည် သတင်းအချက် အလက်ရရှိလာမှု ကဏ္ဍတွင်လည်းကောင်း၊ ၃၆.၅ ရာခိုင်နှုန်းသည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင်လည်းကောင်း၊ ၃၀.၉ ရာခိုင်နှုန်းသည် စည်ပင်သာယာကဏ္ဍတွင်လည်းကောင်း ပိုမိုတိုးတက် ကောင်းမွန်လာသည်ဟု အသီးသီးဖြေဆိုထားကြပါသည်။ ထို့အပြင် စစ်တမ်းဖြေဆိုသူများ၏ ၁၆.၁ ရာခိုင်နှုန်းသည် လူအခွင့်အရေးကဏ္ဍတွင်သိသာစွာတိုးတက်ကောင်းမွန်လာသည်ဟု ဖြေဆိုကြပြီး ၉.၃ ရာခိုင်နှုန်းသည် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်မှု ရှိလာသည်ဟု ဖြေဆိုထားကြပါသည်။ ဖြေဆိုသည့် အဖြေများ၏ ၈.၂ ရာခိုင်နှုန်းကမူ မည်သည့်ကဏ္ဍတွင်မှ ပို၍ကောင်းမွန်လာသည်ကို မတွေ့ရပါဟု ဖြေထားကြကြောင်း တွေ့ရပါသည်။ ထို့အပြင် စီးပွားရေး ကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှု ရှိသည်ဟု ဖြေဆိုသူ ၇.၂ ရာခိုင်နှုန်းနှင့် တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးကဏ္ဍမှာ တိုးတက်ကောင်းမွန်လာသည်ဟု ၅.၁ ရာခိုင်နှုန်းမှ ဖြေဆိုထားကြသည်။

"လွန်ခဲ့တဲ့ ၅ နှစ်နှင့်နှိုင်းယှဉ်မယ်ဆိုရင်တော့ လက်ရှိအခြေအနေကတော့ သာလွန်တယ်လို့ ပြောလို့တော့ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းရင်းသားယဉ်ကျေးမှု စာပေပိုင်းမှာ ကိုရော မြှင့်တင်ပေးတာကိုတော့ တွေ့ရပါတယ်။ အကုန်လုံး ပြည်စုံမှုတော့မရှိသေးပါဘူး။ လွန်ခဲ့တဲ့ (၅) နှစ်နဲ့စာရင် သိသိသာသာ တိုးတက်လာတဲ့ ကဏ္ဍတွေကတော့ ပထမဆုံး မြင်မိတဲ့အချက်ကတော့ တိုင်းရင်းသားတွေ အကုန်လုံး စာပေသင်ကြားခွင့်မရှိပါဘူး။ ယခုအခြေအနေကတော့ ပညာရေးကျောင်းတွေမှာ တိုင်းရင်းသားစာပေ သင်ကြားခွင့်ကိုတော့ တွေ့ရပါတယ်။ အခွင့်အရေးတွေ ရလာတယ်။ သို့သော်လည်းပဲ ပြည့်ပြည့်ဝဝတော့ မရသေးပါဘူး။"

**ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့ခေါင်းဆောင်တစ်ဦး၊အိမ်မဲမြို့နယ်၊ဧရာဝတီတိုင်းဒေသကြီး**


လွန်ခဲ့သော ငါးနှစ်နှင့် နှိုင်းယှဉ်လျှင် သိသိသာသာ ပြောင်းလဲလာသည့် ကဏ္ဍများကို မေးမြန်းရာတွင် ဧရာဝတီတိုင်း အိမ်မဲမြို့နယ်၊ တနင်္သာရီတိုင်း မြိတ်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့၊ ကချင်ပြည်နယ် ရွှေကူမြို့နယ်၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး နှင့် အခြေခံအဆောက်အအုံများ တိုးတက်လာသည်ဟု ဖြေဆိုထားကြသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးကဏ္ဍ၊ ကျေးလက်ဆေးပေးခန်းများ ပေါ်များလာသည်။ သို့ရာတွင် စီးပွားရေးကဏ္ဍနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အားနည်းနေသည်ဟု

ဆိုပါသည်။ ထို့ပြင်အချို့သော စီမံအုပ်ချုပ်မှုများသည် သာမန်သာဖြစ်ကြောင်း ပြည်ထောင်စုအစိုးရနှင့်ယှဉ်လျှင် အားနည်းနေသေးကြောင်း ထောက်ပြ ပြောဆိုထားပါသည်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ယခင်ကထက် ပိုမိုပြောင်းလဲလာသည်ဟုမြင်ကြပြီး မြေယာတင်ဒါများ ပိုမိုဆောင်ရွက်လာနိုင်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းကြောင့် ပြည်ပနှင့် ချိတ်ဆက်လုပ်ဆောင်မှုများ၊ ကုန်သွယ်ရေးများ ပိုမိုကောင်းမွန်လာကြောင်း ဖြေကြားထားကြပါသည်။ မွန်ပြည်နယ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုသည် တိုးတက်မှုမရှိကြောင်းနှင့် ဘာသာရေးခေါင်းဆောင်များကို အားရမှုမရှိကြောင်းလည်း ဆိုပါသည်။

> "ပိုပြီးလုပ်ဆောင်သင့်တာကတော့ အများကြီးပဲ။ ချက်ခြင်းကြီးတော့ ဘယ်ရမလဲ။ မလွယ်ဘူးပေါ့။ ဖွဲ့စည်းပုံပြင်ဆင်ဖို့ အလုပ်အကိုင်အခွင့်အလမ်းတို့ စီးပွားရေး၊ ပညာရေး၊ လျှပ်စစ်မီးတို့ အစုံပါပဲ။"
>
> **ရပ်ကျေးကော်မရှင် ဥက္ကဋ္ဌတစ်ဦး၊ မကွေးတိုင်းဒေသကြီး**

မကွေးတိုင်းဒေသကြီးတွင် လမ်း၊ တံတား၊ အခြေခံအဆောက်အဦးများ သိသိသာသာပြောင်းလဲ ကောင်းမွန်လာသည့်အတွက်ကြောင့် "လမ်းခင်းအစိုးရ" ဟုပင် ကင်ပွန်းတပ်ခေါ်ဝေါ်ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဝန်ထမ်းများအား စီမံခန့်ခွဲမှု အားနည်းနေသေးကြောင်း၊ စီးပွားရေးကဏ္ဍတွင် အနည်းငယ်တိုးတက်လာပြီး သတင်းအချက်အလက်များ ပိုမိုရရှိလာသည်ဟု ဖြေဆိုကြသည်။ ချင်းပြည်နယ်မှမူ တိုင်းရင်းသားဒေသများကို ပိုမိုတိုးတက်အောင် လုပ်ဆောင်ပေးသင့်သည်ဟု အကြံပြုဆွေးနွေးထားသည်။

> "ကျွန်တော်တို့ဒေသမှာ သိသိသာသာကြီး တိုးတက်ပြောင်းလဲလာတာတော့ မရှိဘူး။ အားကစားကဏ္ဍအနေနဲ့ အားကစားကွင်းတစ်ခုတော့ ပေါ်လာတယ်။ စိုက်ပျိုးရေးကဏ္ဍမှာဆိုရင်တော့ စိုက်ပျိုးသူ တောင်သူတွေအတွက် အကျိုးရှိမယ့် တာတမံကြီး တစ်ခုပေါ့။ ဒါကတော့ ဘတ်ဂျက်တော်တော်များများသုံးပြီး ဆောင်ရွက်ပေးခဲ့ရတဲ့ လုပ်ငန်းတွေပေါ့။ သိန်းသောင်းချီတဲ့ လုပ်ငန်းတွေချည်းပဲပေါ့။"
>
> **နိုင်ငံရေးပါတီခေါင်းဆောင်တစ်ဦး၊ ကန်ကြီးထောင့်မြို့နယ်၊ဧရာဝတီတိုင်းဒေသကြီး**




ပုံ ၄.၃ လက်ရှိအစိုးရအနေဖြင့် ယခုထက်ပို၍ လုပ်ဆောင်သင့်သည့် ကဏ္ဍများ

လက်ရှိအစိုးရအနေဖြင့် ယခုထက်ပို၍ လုပ်ဆောင်သင့်သည့် လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူမေးမြန်းရာတွင် ဖြေဆိုသူစုစုပေါင်း ၆၂၂ ဦးအနက် ၆၅.၈ ရာခိုင်နှုန်းက ယခုလက်ရှိအစိုးရသည် တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးကို ပို၍လုပ်ဆောင်သင့်သည်ဟု ဖြေကြားခဲ့သည်။ ၆၀.၃ ရာခိုင်နှုန်းသည် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ၊ ၅၅.၁ ရာခိုင်နှုန်းသည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ယခုထက်ပို၍ လုပ်ဆောင်သင့်သည်ဟု ဖြေကြားထားသည်။ ထို့အပြင် ၃၉.၇ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ ၃၅ ရာခိုင်နှုန်းသည် လျှပ်စစ်မီးလင်းရေး၊ ၃၄.၉ ရာခိုင်နှုန်းသည် လမ်းပန်းဆက်သွယ်ရေးနှင့် စည်ပင်သာယာလုပ်ငန်းများတွင် ပို၍လုပ်ဆောင်သင့်သည်ဟု ဖြေဆိုထား သည်ကို တွေ့ရပါသည်။ လူ့အခွင့်အရေးကဏ္ဍတွင် ပို၍ကောင်းမွန်အောင် လုပ်ဆောင်သင့်သည်ဟု ဖြေဆိုသူမှာ ၃၃.၃ ရာခိုင်နှုန်း၊ သတင်းအချက်အလက် ပို၍ ကောင်းမွန်အောင် လုပ်ဆောင်သင့်သည်ဟု ဖြေဆိုသူမှာ ၂၆.၂ ရာခိုင်နှုန်းစီ ရှိကြသည်။ ဖြေဆိုသူများ၏ ၃.၁ ရာခိုင်နှုန်းကမူ မသိပါ/မပြောတတ်ပါဟု ဖြေဆိုထားသည်။

"အစိုးရကဘယ်ကိုသွားနေလဲ ဘာတွေလုပ်နေလဲ ပြည်သူလူထုက ရှင်းရှင်းလင်းလင်းမသိဘူး ပြည်သူလူထုပါဝင်ပါ ကူညီပါ အစိုးရကတစ်လျှောက်လုံးပြောနေပေမယ့် ပြည်သူလူထုက ဘယ်နေရာကနေ ဘယ်လိုပါဝင်ရမလဲ တိတိကျကျ ရှင်းရှင်းလင်းလင်းမသိဘူး။"

**သတင်းထောက်တစ်ဦး၊ထားဝယ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး**

လက်ရှိအစိုးရအနေဖြင့် ယခုထက်ပို၍ လုပ်ဆောင်သင့်သည့်လုပ်ငန်းများကို ဆွေးနွေးရာတွင် နိုင်ငံရေးအရ အပိုင်း ၂ ပိုင်းခွဲ လုပ်ဆောင်သင့်ပြီး ပထမတစ်ပိုင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွဲ့စည်းပုံပြင်ဆင်ခြင်းတို့ဖြစ်သည်။ ဒုတိယပိုင်း အနေဖြင့် လဝက၊ အထွေထွေအုပ်ချုပ်ရေးဌာနများ ဝန်ဆောင်မှုကို ယခုထက်ပိုမို ကောင်းမွန်အောင် လုပ်ဆောင်လာနိုင်စေရန်၊ ဗဟိုဦးစီးချုပ်ကိုင်မှုကို လျှော့ချပေး ရန်နှင့် ပြည်ထောင်စု တိုင်း၊ ပြည်နယ် အစိုးရများအကြားလုပ်ပိုင်ခွင့်များကို တာဝန် ယူမှု၊ တာဝန်ခံမှု ရှိလာအောင်လုပ်ရန်လိုအပ်ကြောင်း ပြောကြားကြသည်။ ထို့အပြင် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ကောင်းမွန်လာစေရန်အတွက် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ရန်လိုအပ်ကြောင်း၊ အသေးစားအလတ်စား လုပ်ငန်း များကိုအားကောင်းလာရန်အတွက် မြှင့်တင်ပေးရန်လိုအပ်ကြောင်း တို့ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ မြေယာကိစ္စနှင့်ပတ်သက်၍ မြေယာပြဿနာများကို ဖြေရှင်း ပေးရန်၊ လယ်ယာမြေမရှိသူများအတွက် လယ်ယာမြေများကိုဖော်ထုတ်ပေး၍ နည်းပညာ ငွေကြေးများစိုက်ထုတ်ပေးကာ စက်မှုစီးပွားကုန်ကြမ်းမှ ကုန်ချောထုတ် သည့်စနစ်သို့ စက်မှုလယ်ယာအကျိုးစီးပွားကို ဟန်ချက်ညီညီချိတ်ဆက်ပေးရန် လိုအပ်နေသည်ဟု အကြံပြုဆွေးနွေးချက်များလည်းရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် သုတေသန ပြုလုပ်မေးမြန်းရာ၌ လက်ရှိအစိုးရ လက်ထက်တွင် မြေယာပြဿနာများနှင့်ပတ်သက်၍ ဒေသခံနှင့် ကုမ္ပဏီကြား လာဘ်စားနေသည့် အရာရှိဝန်ထမ်းများ ရှိနေသေးကြောင်းနှင့် မြေယာပိုင်ဆိုင်ခွင့် ပုံစံ ၇ မရရှိသည့်သူများ အများအပြားရှိနေသည်ဟု ဆိုကြသည်။ အချို့ကျေးလက် ဒေသများတွင် လူနေထူထပ်လာသောကြောင့် သစ်တောပြုန်းတီးမှုများ ရှိလာ ကြောင်း၊ လျှပ်စစ်မီးရရှိရေးကိုလည်း ပိုမိုလုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ စီးပွား ရေးနှင့် ပညာရေးပိုင်းမှာ ပိုမိုလုပ်ဆောင်သင့်ပြီး စာသင်ကျောင်းများရှိသော်လည်း ဆရာအင်အားမှာလည်း လောက်ငှမှုမရှိကြောင်း၊ ဝန်ထမ်းများစီမံခန့်ခွဲမှု အားနည်းနေ သေးကြောင်း၊ အစိုးရမှာ လိုရာမရောက်ပဲ ပြဿနာဖြေရှင်းနေရသည်ဟု သုံးသပ်ဆွေးနွေးကြသည်။ တိုင်းရင်းသားသွေးစည်းညီညွတ်ရေး၊ စိုက်ပျိုးမှုစနစ်၊

နည်းပညာ၊ လယ်ယာသုံးပစ္စည်းများပံ့ပိုးခြင်း၊ ဈေးကွက်များဖော်ဆောင်သင့်ခြင်း စသည် တို့ကို တစ်ဦးချင်းစီ၏ ထင်မြင်ယူဆချက်များအနေဖြင့် အသီးသီးဖြေကြားခဲ့ကြသည်။

"လက်ရှိအစိုးရအနေနဲ့ လုပ်ငန်းပိုကောင်းအောင် လုပ်ဖို့အတွက် အကြံပြုလိုတာကတော့ ထောင့်ပေါင်းစုံ၊ ဘက်ပေါင်းစုံကတော့ အမျိုးသားရင်ကြားစေ့ရေးကို ပိုပြီးတော့ ပီပီပြင်ပြင် လုပ်ဆောင်ပေးဖို့လိုအပ်တယ်လို့ ယူဆပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရရဲ့ စီမံအုပ်ချုပ်မှု၊ ခေါင်းဆောင်မှုကတော့ သာမာန်အခြေအနေ ပဲရှိပါသေးတယ်။ ပြည်ထောင်စုအစိုးရရဲ့ ပြည်ထောင်စု တစ်ခုလုံးအတိုင်းအတာရဲ့ အုပ်ချုပ်မှု၊ စီမံမှုကတော့ အားနည်းနေသေးတယ်လို့ မြင်မိပါတယ်။ လက်ရှိအစိုးရရဲ့ နိုင်ငံရေးခေါင်းဆောင်မှုအပေါ်မှာလည်းပဲ တိုင်းရင်းသားစည်းလုံးမှု၊ အမျိုးသားရင်ကြားစေ့ရေး အားလုံးကို သူတို့မဆောင်ရွက်နိုင်သေးပါဘူး။"

**ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်တစ်ဦး၊အိမ်မဲမြို့နယ်၊ဧရာဝတီတိုင်းဒေသကြီး**

ထို့အပြင် ဘာသာရေးနှင့်ပတ်သက်၍ မျှတစွာဆက်ဆံရန်နှင့် နိုင်ငံတကာ အကျိုးထက် မြန်မာနိုင်ငံတိုင်းရင်းသား များအကျိုးကို လုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များမှာ ကွာဟမှုရှိနေပြီး လုပ်ငန်းဆောင်ရွက်မှုမှာ အဆင့်ဆင့်အစီရင်ခံ ရသောကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း၊ အစိုးရ တပ်မတော်တို့က တစ်ပေါင်းတစ်စည်းတည်း မရှိသောကြောင့် အချို့လုပ်ငန်းများဆောင်ရွက်၍ မရဖြစ်နေကြောင်း၊ အချို့ကိစ္စများတွင် တပ်နှင့် ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း ဟိုပုန်းမြို့ အရပ်ဖက်လူမှုအဖွဲ့အစည်းမှဖြေကြားခဲ့သည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနာယကမှလည်း ပြည်တွင်းအလုပ်အကိုင် ရှားပါးမှုပြဿနာများကို ဖြေရှင်းရန်လိုအပ်ကြောင်း ပြည်ထောင်စုအုပ်ချုပ်စီမံမှုအရ ပြည်မဖက်ကို အလေးထားဆောင်ရွက်နေကြောင်း သုံးသပ်ဆွေးနွေးသည်။

"အဓိက ဒေသအခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်မီးရရှိရေး၊ ရေရှိရေး၊ အလုပ်အကိုင်အခွင့်လမ်း၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး ဒါတွေကအရေးတကြီးဖြေရှင်းဆောင်ရွက်ရမယ့် ကိစ္စရပ်တွေဖြစ်တယ်။"


**နိုင်ငံရေးပါတီအသစ်တစ်ခုမှပါတီဝင်တစ်ဦး၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊**

ဒေသတွင်းရှိ အဖွဲ့အစည်းစုံအား အုပ်စုဖွဲ့မေးမြန်းရာတွင်လည်း ဒေသတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအပိုင်းများ မလုံခြုံတော့သည့်အတွက် ပို၍လုပ်ဆောင်သင့်ကြောင်း အကြံပြု၍ လုံခြုံရေးအားနည်းချက်ကြောင့် မူးယစ်ဆေးဝါးများ ပိုမိုပြန့်ပွားလာသည့်အချက်ကိုလည်း စိုးရိမ်မကင်းရှိနေကြသည်။ ထို့အပြင် တိုင်းရင်းသားအများစုမှာ စိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်သောကြောင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုအပိုင်းကိုလည်း ပို၍ပံ့ပိုးသင့်ကြောင်းနှင့် ပြောင်းဈေးနှုန်း ကျဆင်းနေခြင်းကိုလည်း သင့်တင့်သောဈေးနှုန်းရရှိအောင် ဆောင်ရွက်ပေးရန်၊ ဒေသတွင်း ရေရရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာသဖြင့် စိုက်ပျိုးရေရရှိမှု လျော့နည်းလာသည်ဟုဆိုပါသည်။ စီးပွားရေးဈေးကွက်များ အားနည်းနေသေး၍ ဈေးကွက်ရှာပေးရန်လည်းလိုအပ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍လည်း သဘာဝအရင်းအမြစ်များကို တိကျသော ဥပဒေတစ်ရပ်ထုတ်ပြီး ထိမ်းသိမ်းရန် လိုအပ်ကြောင်းကို ပြောကြားခဲ့ပြီး ငြိမ်းချမ်းရေးကိုလုပ်ငန်းများကို အဓိကဆောင်ရွက်ရန်လည်း လိုအပ်နေကြောင်း ပြောကြားခဲ့သည်။



ဖွီကျေးရွာ၊ မင်းတပ်မြို့၊ ချင်းပြည်နယ်မှ အုပ်ချုပ်ရေးမှူး၊ ဓမ္မအမှုဆောင်၊ ရပ်မိရပ်ဖနှင့် ဒေသခံပြည်သူများအား အုပ်စုဖွဲ့မေးခြန်းဆွေးနွေးခြင်း

## ၄.၂ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၊ ပြည်ထောင်စု အစိုးရနှင့် လက်ရှိ အစိုးရ၏ အုပ်ချုပ်စီမံမှု ခေါင်းဆောင်မှုအပေါ် အမြင်




**ပုံ ၄.၄ – လက်ရှိ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၊ ပြည်ထောင်စုအစိုးရနှင့် လက်ရှိအစိုးရ၏ အုပ်ချုပ်စီမံမှုနှင့် ခေါင်းဆောင် မှုအပေါ်အမြင်**

ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ အုပ်ချုပ်စီမံမှု/ ခေါင်းဆောင်မှုနှင့် ပတ်သက်၍ ပြည်သူလူထု၏ အမြင်များကို စစ်တမ်းတွင် မေးမြန်းရာ၌ ဖြေဆိုသူ အများဆုံးဖြစ်သည့် ၅၆.၄ ရာခိုင်နှုန်းသည် အချို့ကိစ္စများကို အားမရလှသော်လည်း မဆိုးလှပါဟု ဖြေဆိုထားသည်။ အားရကျေနပ်မှု မရှိဟု ၃၁.၈ ရာခိုင်နှုန်းက ဖြေဆိုပြီး ၇.၆ ရာခိုင်နှုန်းသည် မပြောတတ်ပါဟု ဖြေဆိုသည်။ ဖြေဆိုသူစုစုပေါင်း၏ ၄.၂ ရာခိုင်နှုန်းမှာ လက်ရှိ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ အုပ်ချုပ်စီမံမှု/ ခေါင်းဆောင်မှုနှင့်ပတ်သက်၍ အလွန်အားရကျေနပ်မှုရှိသည်ဟု ဖြေဆိုပါသည်။

ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်စီမံမှု/ ခေါင်းဆောင်မှုအပေါ် သဘောထား အမြင်ကိုဆက်လက် မေးမြန်းရာတွင် ဖြေဆိုသူစုစုပေါင်း၏ ၅၈.၅ ရာခိုင်နှုန်းသည် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်စီမံမှု/ ခေါင်းဆောင်မှုသည် အချို့ကိစ္စများကို အားမရ သော်လည်းမဆိုးလှပါဟု ဖြေဆိုထားကြပြီး ၂၅.၂ ရာခိုင်နှုန်းသည် အားရကျေနပ်မှု မရှိပါဟု ဖြေဆိုထားကြပါသည်။ ဖြေဆိုသူ ၈.၂ ရာခိုင်နှုန်းသည် မပြောတတ်ပါဟု

ဖြေဆိုထားကြပြီး ၈ ရာခိုင်နှုန်းသာလျှင် အလွန်အားရကျေနပ်သည်ဟု ဖြေဆိုထားကြသည်။

ထို့အပြင် လက်ရှိအစိုးရ၏ နိုင်ငံရေးခေါင်းဆောင်မှုအပေါ်အမြင်ကို မေးမြန်းရာတွင်လည်း ၅၀.၈ ရာခိုင်နှုန်းသည် အချို့ကိစ္စများကို အားမရလှသော်လည်း မဆိုးလှပါဟု ဖြေဆိုထားကြပြီး ၂၄.၉ ရာခိုင်နှုန်းကတော့ အားရကျေနပ်မှုမရှိပါဟု ဖြေဆိုထားကြပါသည်။ ဖြေဆိုသူများ၏ ၁၆.၇ ရာခိုင်နှုန်းသည် လက်ရှိအစိုးရ၏ နိုင်ငံရေးခေါင်းဆောင်မှုအပေါ် အလွန်အားရကျေနပ်မှုရှိသည်ဟု ဖြေဆိုထားကြပြီး ၇.၆ ရာခိုင်နှုန်းသာလျှင် မပြောတတ်ပါဟု ဖြေဆိုထားကြပါသည်။

"အများပိုင်ဆိုင်ရာတိုးတက်မှုကတော့ လမ်းတို့၊ စာသင် ကျောင်းတို့၊ မီးတို့၊ အစရှိတဲ့ အဲ့ဒါတွေက အင်မတန် အရမ်းတိုးတက်လာတယ်။ လမ်းနဲ့မီးအပိုင်းမှာ တော်တော်လေးကို ဘတ်ဂျက်ချပေးပါတယ်။ နောက်တစ်ခါ ဒီအိမ်မဲမြို့နယ်မှာ စာသင်ကျောင်း၊ ဥပမိရုပ် မကောင်းတဲ့ကျောင်းတွေ သိပ်မရှိတော့ပါဘူး။ တိုးတက်လာတဲ့အနေအထားမှာ တွေ့ရတယ်။"

ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊

ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ အုပ်ချုပ်စီမံမှု/ ခေါင်းဆောင်မှုနှင့် ပတ်သက်၍ ပြည်သူ လူထု၏ အမြင်များကို မေးမြန်းရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဆောင်ရွက်ချက်များမှာကွာဟသကဲ့သို့ အဆင့်ဆင့် အစီရင်ခံနေရကြောင်း၊ ဥပဒေလေ့လာမှုအားနည်းနေခြင်း၊ ပြည်နယ်နှင့်တိုင်းချိတ်ဆက်မှု အားနည်းနေခြင်းများရှိကြောင်း ယေဘုယျအားဖြင့် ဖြေဆိုထားကြပါသည်။ မွန်ပြည်နယ်အနေဖြင့်စီမံခန့်ခွဲမှုမှာ ညွှန်ကြားချက်ရှိမှသာသွားနေကြောင်း ပြည်နယ်အစိုးရကို အားရမှုမရှိခြင်း ဝန်ကြီးများတွင် ခွဲခြားမှုများလုပ်နေခြင်း အဂတိလိုက်စားမှုများ တွေ့နေရသည်။ တိုင်းဒေသကြီးအစိုးရ၏ လုပ်ဆောင်ချက်များ ယခင်ကထက် အနည်းငယ် တိုးတက်လာသော်လည်း နေရာကွက်ကျား ပိုများလာခြင်းများရှိနေခြင်း လူထု၏ အသံအားနားထောင်စေလိုကြောင်း အကြံပြုသည်။ မကွေးတိုင်းဒေသကြီးအစိုးရမှ ယခင်ကထက် အနည်းငယ်တိုးတက်လာသည်ဟု ဖြေဆိုချက်များလည်း ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရ၏ အုပ်ချုပ်စီမံမှု ကောင်းလာသကဲ့သို့ လိုအပ်ချက် အနည်းငယ်ရှိနေပြီး တိုင်းဒေသအစိုးရအနေဖြင့် ပြင်ဆင်ခွင့်ပြောင်းလဲခွင့်များ ဝန်ထမ်းများအား အရေးယူခွင့်များ မရှိကြောင်း တိုင်းအစိုးရနှင့်မြေပြင်

ဆောင်ရွက်မှုများမှာကွဲလွဲနေခြင်းရှိသည်ဟု ပြည်နယ်နှင့်တိုင်းအစိုးရအပေါ် ထင်မြင်ချက်များ ဆွေးနွေးထားပါသည်။

လက်ရှိအစိုးရ၏ အုပ်ချုပ်စီမံမှုနှင့် နိုင်ငံရေးခေါင်းဆောင်မှု အခြေအနေကို မေးမြန်းရာတွင် ယေဘုယျအားဖြင့် ပို၍ ကောင်းမွန်လာသည်ဟု ဖြေဆိုထားပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်လာခြင်း၊ အချို့သော ဥပဒေများကို ကြိုးစားပြင်ဆင်ခြင်းများ ပြုလုပ်လာသည်ကို တွေ့ရှိရကြောင်း ဖြေဆိုထားကြပါသည်။ ထို့ပြင် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ ရောက်နေသည့် အရိပ်အယောင်များ မြင်နေရသည်ဟု ဖြေကြားထားပါသည်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည့် အစိုးရကို လိုချင်ကြောင်း၊ ပြည်ထောင်စု အစိုးရအနေဖြင့် လုပ်နိုင်စွမ်းရှိသည့်ဘောင်ထဲတွင် လုပ်နိုင်သလောက် အကောင်းဆုံး လုပ်ပေးနေသည်ဟု မြင်ပြီး လက်ရှိနိုင်ငံရေးခေါင်းဆောင်မှုကို အားရကျေနပ်မှုမရှိဟု ဖြေကြားကြပါသည်။

> "ပြည်သူတွေရဲ့အားပေးထောက်ခံမှုကို ဆက်လက်ပြီးမရယူနိုင်ဘူး။ ဥပဒေလေ့လာမှု အားနည်းတယ်။ စီမံခန့်ခွဲမှု ညံ့ဖျင်းတယ်။"
>
> **ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီအဖွဲ့ဝင်တစ်ဦး၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊**

တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားရင်ကြားစေ့ရေးကို အလုံးစုံ မဆောင်ရွက်နိုင် သေးသည့်အပြင် အစိုးရအနေနှင့် လုပ်ဆောင်သင့်သည့် လုပ်ငန်းများစွာရှိနေသော်လည်း လုပ်၍မရနိုင်သော လုပ်ငန်းစဉ်များရှိနေပါသည်။ အထူးသဖြင့် တိုင်းရင်းသားများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများကို မစည်းရုံးနိုင်သောကြောင့် ဖြစ်ပါသည်ဟု ပြောကြားထားကြပါသည်။ အချို့ကိစ္စများတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များနှင့် တဆင့်ချင်းစီ ထိတွေ့ဆက်ဆံမှုမရှိပဲ တိုက်ရိုက်ဘတ်ဂျက်ချပေးခြင်း၊ တာဝန်ပေးခြင်း၊ မလိုလားအပ်သည့် မြေယာ သိမ်းဆည်းမှု ပြဿနာဖြစ်လာခြင်းနှင့် ဒေသနှင့်လိုက်လျောညီထွေမှုမရှိသည်ကို တွေ့ရှိရကြောင်း ဖြေကြားထား ကြပါသည်။

"အခွန်ဆိုင်ရာ ဥပဒေ တည်ငြိမ်စေချင်၊ တစ်နှစ်တစ်ခါက ညွှန်ကြားချက်နဲ့ ပြောင်းနေ၊ အခွန်မူဝါဒ တည်ငြိမ်မှုမရှိ၊ ငြိမ်းချမ်းရေးကို ဒီ့ထက်ပိုဆောင်ရွက်စေချင်၊ အသက်တစ်မျှအရေးကြီး၊ E-Government အမြန်ဆုံးအကောင်အထည်ဖော်ရန်၊ ဒါမှလည်း ကြိုးနီစနစ်လျော့ကျလာ၊ ပြည်သူနဲ့ တစ်သားတည်းဖြစ်ရန်လိုအပ်ပါတယ်။ ဗျူရိုကရေစီ ယန္တရားကောင်းကောင်း မအုပ်စီးမိ၊ ပြည်ထောင်စုဘတ်ဂျတ်ငွေအပေါ် တည်မှီပြီးလုပ်နေ၊ အသစ်တီထွင် ကြံဆမှုမလုပ်နိုင်၊ ဖွံ့ဖြိုးမှုမလုပ်နိုင် (လူသားအရင်းအမြစ်) ၊ ခေါင်းဆောင်မှုထက် ခေါင်းရှောင်မှုပိုကောင်း၊ အလုပ်တော့လုပ်တယ် အသီးအပွင့်အောက်ခြေကို မရောက်။"

လူငယ်ဆရာဝန်လုပ်ငန်းရှင်တစ်ဦး၊ မြစ်ကြီးနားမြို့၊ကချင်ပြည်နယ်


ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ထိတွေ့ဆက်ဆံရေး၊ လုပ်ပိုင်ခွင့် တိကျမှန်ကန်မှုမရှိခြင်း၊ အောက်ခြေအဆင့်ထိ သေချာစွာထိတွေ့ ကွင်းဆင်းပြီးမှသာ လုပ်ငန်း၊ လုပ်ပိုင်ခွင့်များချပေးသင့်ဟု ကချင်ပြည်နယ်မှ ပြည်သူများက ဖြေဆိုထားပါသည်။ လက်ရှိအစိုးရအနေဖြင့် နိုင်ငံရေးအရလုပ်ဆောင်ရမည့် အပိုင်းနှစ်ပိုင်းမှာ ပထမအပိုင်းမှာ ဖွဲ့စည်းပုံ ပြင်ဆင်ရေးအပိုင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုပြီးလုပ်ရမည့်အပိုင်း ဖြစ်သည်။ လူမှန်နေရာမှန် မရှိဟုလည်း သုံးသပ်ပြောကြားသည်။



ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်အားတွေ့ဆုံမေးမြန်းခြင်း

# အခန်း (၅)
# အထွေထွေရွေးကောက်ပွဲနှင့် လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်မှု

## ၅.၁ ပြည်သူလူထု၏ လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်မှုအပေါ် အမြင်




ပုံ ၅.၁ အထွေထွေရွေးကောက်ပွဲတွင် မဲပေးမည်လား။

ပြည်သူလူထု၏ နိုင်ငံရေးအပေါ်စိတ်ပါဝင်စားမှုနှင့် နိုင်ငံသားတစ်ဦးအတွက် အရေးကြီးသည့်တာဝန်တစ်ရပ်ဖြစ်သည့် လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင်မဲပေးမည်လားဆိုသည့်မေးခွန်းကို မေးမြန်းခဲ့ရာတွင် စစ်တမ်းဖြေဆိုသူစုစုပေါင်း ၆၂၂ ဦး အနက်မှ ၈၇ ရာခိုင်နှုန်းကမဲပေးမည်ဟု ဖြေဆိုကြသည်။ ၁၁.၁ ရာခိုင်နှုန်းကမူ မဲပေးရန်အတွက် မစဉ်းစားရသေးပါဟု ဖြေဆိုပြီး ၁.၉ ရာခိုင်နှုန်းသည် လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲမပေးပါဟု ဖြေဆိုသည်။


တစ်ဦးချင်းနှင့် အုပ်စုဖွဲ့မေးမြန်းရာတွင်လည်း ဖြေဆိုသူအများစုသည် နောင်လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးမည်ဟု ဖြေဆိုကြပါသည်။ မဲပေးရခြင်းသည် နိုင်ငံသား၏ အခွင့်အရေးဖြစ်သောကြောင့် အသဲကြားက မဲတစ်ပြားကို ပေးပါမည် ဟု ကျောက်တလုံးကြီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တောင်ငူမြို့၊ ပဲခူးတိုင်း ဒေသကြီးတို့မှ မေးမြန်းခဲ့သူများက ဖြေကြားထားပါသည်။ အချို့တိုင်းဒေသကြီးများတွင် NLD ကိုမဲပေးမည်ဟု ဖြေဆိုသည်များလည်းရှိသည်။

"၂၀၂၀ ရွေးကောက်ပွဲမှာတော့ ဝမ်းနည်းစရာ ရလဒ်တစ်ခုတော့တွေ့ရမယ်။ ဘာရလဒ်လည်း ဆိုရင် မဲပေးတဲ့ရာခိုင်နှုန်းဟာ ၆၀ အောက်မှာပဲရှိမယ်လို့ ကျွန်တော်ခန့်မှန်းမိတယ်။ အဘယ် ကြောင့်အဲ့လို ရှိသွားသလဲ ဆိုရင်တော့ တချို့သောအရာတွေဟာ ပြည်သူတွေရဲ့ ခံစားချက် တွေကြောင့် မဲထည့်ချင်စိတ်တွေဟာ လျော့ကျသွားတဲ့အနေအထား တွေ့ရမယ် လို့ သုံးသပ်ယူဆမိပါတယ်။ ဒါကြောင့်မို့ ၂၀၂၀ ရွေးကောက်ပွဲမှာ ဘယ်လိုပါတီမျိုးကို မဲပေးမလဲ ထက်စာရင် မဲပေးမယ့်အနေအထားလျော့ကျမယ့် အနေအထားရှိတာပေါ့။ မည်သည့်နိုင်ငံရေး ပါတီမျိုးကို မဲပေးရန်စိတ်ဝင်စားလဲလို့ ပြန်တွေးတော လိုက်မယ်ဆိုရင် ၂၀၂၀ မှာတော့ နိုင်ငံရေးပါတီကို ကြည့်တာထက်စာရင် လူကိုကြည့်ပြီး ပေးမယ်လို့ ယူဆတယ်။ တိုင်းဒေသ ကြီးမှာတော့ လူကိုကြည့်ပြီးပေးမယ်လို့ ယူဆတယ်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသ ကြီးဆိုရင် လူကိုကြည့်ပြီးပေးမယ် လို့ယူဆတယ်။ ပြီးရင် ပြည်နယ်တွေမှာကျတော့ လူမျိုးစွဲ၊ လူမျိုးရေးကို အစွဲပြုတဲ့ ပါတီတွေဟာ မဲပေးခံရမယ်လို့ ကျွန်တော်ယူဆတယ်။ ဥပမာ ကချင်ပြည်နယ်ဆိုရင် ကချင်ပြည်သူ့ပါတီကို အများစု ပေးမယ်လို့ ယူဆတယ်။ ဒါပေမယ့် ရှမ်းအမျိုးသားရေးကတော့ ကျားခေါင်းက ဒီဘက်မှာဝင်ပြိုင်မှုမရှိရင်တော့ NLD လက်ကိုပဲ မဲပေးမယ်လို့ ယူဆသုံးသပ် မိတယ်။ ဒါ့ကြောင့် ကချင်ပြည်နယ်ရဲ့အနေအထားကတော့ အဓိကကတော့ လူမျိုးရေးကို ကိုယ်စားပြုတဲ့ပါတီတွေလည်း မနှစ်ကထက်စာရင်တော့ မဲရရှိမှုက ပိုမိုမြင့်မားလိမ့်မယ်လို့ သုံးသပ်မိပါတယ်။ အဓိကဝမ်းနည်းစရာကတော့ ပြည်သူ တွေဟာ မဲပေးချင်စိတ်လျော့ကျလာတဲ့ ရလဒ်ကို တွေ့မြင်လိုက်ရမယ်လို့ သုံးသပ်မိတာပေါ့။"

**အိုင်တီပညာရှင်တစ်ဦး၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်**

စစ်တမ်းတွင်ဖြေဆိုကြသူများ၏ ၈၇ ရာခိုင်နှုန်းကျော်က ၂၀၂၀ ရွေးကောက်ပွဲ တွင် မဲပေးမည်ဟုဆိုသော်လည်း တွေ့ဆုံမေးမြန်းချက်များတွင် အရပ်ဘက် အဖွဲ့အစည်းဝင်များနှင့် ပြည်သူအချို့ကမူ မဲပေးသူရာခိုင်နှုန်းလျော့နည်းသွားလိမ့် မည်ဟုခန့်မှန်းချက်များရှိနေသည်မှာ သတိပြုဖွယ်ရှိသည်။ ချင်းပြည်နယ်တွင် စစ်မက် ပဋိပက္ခဒဏ်၊ မငြိမ်သက်မှုအခြေအနေများကို ထောက်ပြကြသကဲ့သို့ တိုင်းရင်းသား ဒေသများအနေဖြင့် အာဏာရအစိုးရအနေဖြင့် မိမိတို့တိုင်းရင်းသားများ၏အရေးကို လုပ်ကိုင်ဆောင်ရွက်မှုမှာ အားရကျေနပ်စရာမရှိဟု ရှုမြင်ချက်အများ အပြားရှိနေ သည်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ ကောင်းမွန် လာမှုအပေါ် အားရကျေနပ်သူများ ရှိကြသော်လည်း စီးပွားရေးအခြေအနေ မကောင်း မွန်လာခြင်းနှင့် တရားဥပဒေစိုးမိုးမှု ယိုယွင်းလာမှုအပေါ် စိတ်ပျက်နေမှုများကိုလည်း ပြောဆိုကြသည်။ အချို့ကမူ လက်ရှိအစိုးရခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

မျက်နှာဖြင့် အနိန်အယ်လ်ဒီပါတီအနေဖြင့် အနိုင်ရနေသေးသော်လည်း ပြည်သူ သဘောကျသည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်မှသာ မဲရနိုင်မည်ဖြစ်သည်။ ဒေသခံ ပြည်သူများနှင့် မရင်းနှီး၊ မကျွမ်းဝင်ထားသည့် ပါတီကိုယ်စားလှယ်လောင်း များကို အထက်မှရွေးချယ်လာပါက မဲပေးမည့်ပြည်သူဦးရေနည်းနိုင်သည်ဟု ခန့်မှန်းသူ အများအပြားလည်းရှိနေသည်ကို တွေ့ရသည်။





ပုံ ၅.၂ – ပြည်သူလူထုမှ ကိုယ်စားလှယ်လောင်းများအား မဲပေးရွေးချယ်၏အရေးကြီးဆုံး အချက် အပေါ်အမြင်

စစ်တမ်းတွင် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များကို မည်သို့ရွေးချယ်မဲပေးမည်နည်းဟု မေးမြန်းခဲ့ရာ၌ ယခင်ဒေသအကျိုးဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံရှိသူကို မဲပေးမည်ဟု ဖြေဆိုသူ ရာခိုင်နှုန်းမှာ၂၇ ရာခိုင်နှုန်းရှိပြီး မိမိနှစ်သက်သည့် နိုင်ငံရေးပါတီကို မဲပေးမည့် ရာခိုင်နှုန်းမှာ ၂၂.၂ ရာခိုင်နှုန်းရှိသည်။ ထို့အပြင် ဒေသနှင့်လိုက်လျောညီထွေ ဖြစ်မှုကို ကြည့်ပြီး မဲပေးမည့်သူ ၁၅.၉ ရာခိုင်နှုန်း၊ မိမိနှစ်သက်သည့်ခေါင်းဆောင်ပါဝင်မှု အပေါ် မဲပေးမည့်သူ ၁၁.၃ ရာခိုင်နှုန်းနှင့် ပညာအရည်အချင်းကိုကြည့်ပြီး မဲပေးမည့်သူ ၉.၆ ရာခိုင်နှုန်းလည်း ရှိသည်။ ဒေသခံဖြစ်မှုအပေါ်ကြည့်၍ မဲပေးမည့်သူ ၅.၆ ရာခိုင်နှုန်း၊ တိုင်းရင်းသားလူမျိုးဖြစ်မှု အပေါ်ကြည့်၍ မဲပေးမည့် ၃.၉ ရာခိုင်နှုန်း၊ ကိုးကွယ်

သည့်ဘာသာနှင့် အမျိုးသား/အမျိုးသမီးဖြစ်မှုကိုကြည့်၍ မဲပေးမည့်သူ ၁.၉ ရာခိုင်နှုန်း နှင့် အသက်အရွယ်ကြည့်၍ မဲပေးမည့်သူ ၀.၆ ရာခိုင်နှုန်း အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

## ၅.၂ ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့် ပြည်သူလူထု၏ ဆန္ဒမဲပေးမှု အခြေအနေ




ပုံ ၅.၃ လာမည့် ၂၀၂၀ ရွေးကောက်ပွဲ၌ ပြည်သူလူထု ဆန္ဒမဲပေးရွေးချယ်မှု

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု၏ ဆန္ဒမဲပေးမှုနှင့် ပတ်သက်၍ စစ်တမ်းတွင်ဖြေဆိုသူများက လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းများကို နှိုင်းယှဉ်ကြည့်၍ မဲပေး မည့်သူများမှာ ၅၂.၆ ရာခိုင်နှုန်းရှိပြီး မိမိ သဘောကျသည့် ပါတီကိုကြည့်၍ မဲပေးမည့်သူများမှာ ၃၆.၇ ရာခိုင်နှုန်းရှိပါသည်။ ၁၀.၈ ရာခိုင်နှုန်းသာလျှင် မိမိသဘောကျသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကို ကြည့်၍ မဲပေးမည် ဖြစ်ပါသည်။

"နိုင်ငံတော်တည်ဆောက်ရာတွင် ပါတီကြီးများအနေဖြင့် မတည်ဆောက်နိုင်ပါ။ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ဒေသခံတိုင်းရင်းသား ပါတီများနှင့် ပါတီကြီးများက စုပေါင်း၍ နိုင်ငံတော်အစိုးရ ဖွဲ့စည်းကာ စုပေါင်းဖော်ဆောင်မှသာလျှင် ပြည်တွင်းငြိမ်းချမ်းရေးအစစ်အမှန် ဖော်ဆောင်နိုင် လိမ့်မည်"

**မွန်ညီညွတ်ရေးပါတီမှ အလုပ်အမှုဆောင်တစ်ဦး၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်**

လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ပြည်သူများအနေဖြင့် မိမိတို့ရွေးချယ်မဲပေးမည့် နိုင်ငံရေးပါတီများနှင့်ပတ်သက်၍လည်း ဖြေကြားခဲ့ကြပါသည်။ သုတေသနမေးမြန်းခဲ့သည့် တိုင်းရင်းသားဒေသများတွင် တိုင်းရင်းသားဒေသကို ကိုယ်စားပြုသောပါတီ၊ တိုင်းရင်းသားလူမျိုး ရွေးကောက်ခံကိုယ်စားလှယ်များ ပါဝင်သောပါတီကို မဲပေးမည်ဟု အများစုဖြေဆိုခဲ့ကြပါသည်။ ကိုယ့်ဒေသအကျိုးစီးပွားကို ယခင်က လုပ်ဆောင်ပေးခဲ့သောပါတီနှင့် လာမည့်ရွေးကောက်ပွဲတွင်လည်း ကိုယ့်ဒေသအကျိုးကို ဆက်လက်စွမ်းဆောင်ပေးနိုင်သောပါတီ၊ မိမိတို့ဒေသနှင့် သာမက ဒေသခံပြည်သူများနှင့် လိုက်လျောညီထွေမှုရှိသည့် ကိုယ်စားလှယ်လောင်းများကို မွေးထုတ်ပေးနိုင်မည့်ပါတီ၊ မိမိတို့ပါတီကောင်းကျိုးအတွက်ကိုသာ အဓိကမထားပဲ နိုင်ငံသားတို့၏ ကောင်းကျိုးအတွက် အဓိကထားပေးနိုင်သော နိုင်ငံရေးပါတီ၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်မည့်ပါတီ၊ နိုင်ငံ၏ စီးပွားရေးကို ပြုပြင်ပေးနိုင်မည့်ပါတီနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးနိုင်မည့်ပါတီ၊ တိုင်းရင်းသားဒေသတွင် ဖြစ်နေသော ပြဿနာကို အမှန်တကယ်ဖြေရှင်းပေးမည့်ပါတီ၊ ပြည်သူ၏ အသံကို နားထောင်၍ ပြည်သူ့လိုအပ်ချက်ကို အလေးထားဆောင်ရွက်သောပါတီကို မဲပေးရန် စိတ်ဝင်စားကြကြောင်း တွေ့ရပါသည်။ အချို့မဲဆန္ဒရှင်၏ ဖြေဆိုချက်မှာ အမျိုးသမီးကိုယ်စားလှယ်ပါသောပါတီကို မဲပေးလိုကြောင်း ဖြေဆိုသည်ကို တွေ့ရပါသည်။ သုတေသနပြုလုပ်ခဲ့သည့် တိုင်းဒေသကြီးများမှ ဖြေကြားသူအများစုမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုသာ မဲပေးမည်ဟု ဖြေဆိုထားကြောင်းလည်း တွေ့ရပါသည်။

"ကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့မဲဆန္ဒနယ်မြေမှာရှိတဲ့ အခက်အခဲများကိုတာဝန်ယူဖြေရှင်းပေးနိုင်ရပါမယ်။ ဥပမာ–မြေယာပြဿနာတို့ ရေလုပ်ငန်းနဲ့ ပတ်သက်တဲ့ ပြဿနာတွေမျိုးပါ အကောင်းဆုံး ဖြစ်အောင် တာဝန်ယူဖြေရှင်းပေးနိုင်ဖို့လိုပါတယ် အချို့နေရာတွေမှာ လမ်းပန်းဆက်သွယ်ရေးမဖွံ့ဖြိုးသေးတဲ့နေရာတွေမှာဘယ်လို ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင် မလဲဆိုတာကအစ ဒေသရဲ့တကယ့် လိုအပ်ချက်တွေကို ပြည်သူတွေရဲ့လိုအပ်နဲ့အညီ ဆောင်ရွက်ပေးနိုင်ဖို့လည်းလိုအပ်ပါတယ် ပြည်သူ မဲထည့်တဲ့ ကိုယ်စားလှယ်တစ်ယောက်ကတော့ သူ့အတွက် ဘာမှမလုပ်ပေးနိုင်ရင် နောက် ရွေးကောက်ပွဲမှာလည်း မဲထည့်တော့မှာ မဟုတ်ပါဘူး ပြည်သူကသာ အဓိကဖြစ်ပါတယ် လွှတ်တော် ကိုယ်စားလှယ်တွေဟာ အရည်အချင်းရှိရုံနဲ့လည်းမလုံလောက်ပါဘူး ရဲရဲဝံ့ဝံ့အလုပ်လုပ်ကြဖို့လည်း လိုအပ်ပါတယ် အခုက တွန့်ဆုတ်ဆုတ်တွေ တွေ့ရတဲ့အတွက် မဲဆန္ဒရှင်ပြည်သူတွေကလည်း အားမရဘူးပေါ့ဗျာ"


ပြည်သူတစ်ဦး၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

လူတွေ့သုတေသနပြုမေးမြန်းရာတွင် ဖြေဆိုသူများအနေဖြင့် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များကိုရွေးချယ်ရာ၌ ယခင်ဒေသအကျိုး ဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံရှိသူ၊ ကျန်းမာသန်စွမ်းပြီး လူထုအကျိုးကို ကိုယ်ကျိုးမဖက်ဘဲ စေတနာထားပြီး လက်တွေ့ကျကျ တက်ကြွစွာ လုပ်ဆောင်နိုင်သောသူ၊ ပြည်သူ့အသံကို နားထောင်သောသူ၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိထားပြီး ပြည်သူကို ဦးဆောင်ပေးနိုင်သောသူ၊ ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံပြီး တာဝန်ယူတာဝန်ခံမှုရှိ သောကိုယ် စားလှယ်မျိုးကို ရွေးချယ်ပြီး မဲပေးမည်ဟု ဖြေကြားပါသည်။ အချို့ဖြေကြားချက်များမှာ ပြည်သူ့ရေးရာ မူဝါဒကောင်းများ ချမှတ်နိုင်ပြီး ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုစိတ်ပြင်းပြသူ၊ ဥပဒေ၊ နည်းဥဒေကို နားလည်တတ်ကျွမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးရရန်အတွက် ဦးတည်လုပ်ဆောင်နိုင်သော ကိုယ်စားလှယ်များကို ရွေးချယ်ပါမည်ဟု ဖြေဆိုထားကြပါသည်။ အများစု၏ ဖြေကြားချက်မှာ မိမိတို့ရွေးချယ်လိုသော ကိုယ်စားလှယ်လောင်းသည် ဒေသခံဖြစ်ရမည်ဟု ဖြေဆိုထားကြပါသည်။

> “လာမည့် ၂၀၂၀ ရွေးကောက်ပွဲမှာ ပြည်သူမဲပေးမည့် ကိုယ်စားလှယ်လောင်း၏ အဓိကမှာ အရည်အချင်း ထက် သူ့နာမည်၏ ကြီးမြင့်မှုက ပိုပြီး တက်ရောက်မှု ရှိမည်လို့ ယူဆတယ်”
>
> **အိုင်တီပညာရှင်တစ်ဦး၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်၊**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ ဖြေကြားချက် အရ အမည်ဂုဏ်သတင်း ကြီးမြင့်မှုသည်လည်း ၎င်းတို့မြို့နယ်အတွက် အရေးပါသည်ဟု မှတ်ချက်ပြုသည်။ သို့ရာတွင် စစ်တမ်းကောက်ယူချက်များအရ ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းကို နှိုင်းယှဉ်၍ မဲပေးမည်ဟု ဖြေကြားသူများလည်းရှိသည်။ တိုင်းရင်းသားဒေသများမှမူ မိမိတို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်ကို မဲပေးမည် ဟု ဆိုပါသည်။

> “ပြည်သူများမဲပေးမည့်ပါတီမှာ အုပ်စုနှစ်ခုရှိမယ်။ ၎င်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာကို လုပ်ဆောင်ပေးမည့်ပါတီမျိုးကို မဲပေးမည်။ နောက်တစ်အုပ်စုမှာ မိမိဒေသအကျိုး၊ လူမျိုးအကျိုး နှင့် နေ့စဉ်လူမှုစီးပွားအကျိုးကို လုပ်ဆောင်ပေးမည့် ပါတီမျိုးကိုမဲပေးမည်။”
>
> **ပြည်သူတစ်ဦး၊ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**




**ပုံ ၅.၄ – ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် စိတ်ဝင်စားသည့်နိုင်ငံရေး ပါတီအမျိုးအစား**

ပြည်သူလူထုအနေဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိနှစ်သက်သဘောကျသည့် မူဝါဒများကိုချမှတ်အကောင် အထည်ဖော်ဆောင်မည့်နိုင်ငံရေးပါတီကို မဲပေးရန် စိတ်ဝင်စားမှု ရှိသည်ဟု စစ်တမ်းတွင်ဖြေဆိုသူ ဦးရေမှာ ၄၇.၉ ရာခိုင်နှုန်းရှိပြီး၊ မိမိလေးစားသည့် ခေါင်းဆောင်/

လူပုဂ္ဂိုလ်/ ကိုယ်စားလှယ်များ ဦးဆောင်သည့် ပါတီကို မဲပေးရန် စိတ်ဝင်စားမှု ရှိသည်ဟု ဖြေဆိုသူ ၂၆.၂ ရာခိုင်နှုန်းရှိပါသည်။ ၁၇.၄ ရာခိုင်နှုန်း သောဖြေဆို သူများသည် တိုင်းရင်းသားလူမျိုးစုအခြေပြုသည့်ပါတီကို မဲပေးရန် စိတ်ဝင်စားမှုရှိ သည်ဟု ဖြေဆိုကြပြီး ၈.၅ ရာခိုင်နှုန်းသည် မသိပါ/မပြောတတ်ပါဟု ဖြေဆိုထား ကြပါသည်။

"၂၀၂၀ ရွေးကောက်ပွဲပဲ မဟုတ်ဘူး။ ဘယ်ရွေးကောက်ပွဲမဆို နိုင်ငံရေးပြိုင်ဆိုင်မှုဆိုတာ ရှိတယ် လေ။ ဘာကြောင့်လဲဆိုတော့ ဒီအခွင့်အရေးမျိုးက ဒီအချိန်မှာပဲရတာ။ ၂၀၁၀ မတိုင်ခင်တုန်းက ဒီအခွင့်အရေးမျိုးကို မရခဲ့ဘူး။ ဖြူဆိုလည်းဖြူ မဲဆိုလည်းမဲသာ မဲပေးခဲ့ရ တယ်။ မဲမပေးလဲ ၁၀၀%ပဲ။ အခုဆိုရင်တော့ တိုင်းရင်းသားအလျောက် ပြည်ထောင်စု နိုင်ငံတစ်ဝှမ်းလုံးကို လွှမ်းခြုံမဲ့ပါတီကြီးတွေလဲ သူတို့အလျောက် အပြိုင်အဆိုင်ပြင်း ထန်မှု တော့ရှိမယ်။"

**မွန်ညီညွတ်ရေးပါတီ အလုပ်အမှုဆောင်တစ်ဦး၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်**

၂၀၂၀ အထွေထွေရွေးကောက်ပွဲအခြေအနေကို တွက်ချက်ခန့်မှန်းကြရာတွင် နိုင်ငံရေး၊ လူမှုရေးနှင့် ဘာသာရေးခေါင်းဆောင်များအား သုတေသနပြုမေးမြန်းခဲ့ ကြသူများက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ကြသည်။ ၂၀၂၀ ခုနှစ်အနေဖြင့် ထူးခြား ချက်တစ်ခုမှာ တိုင်းရင်းသားပါတီများဖြစ်သည့် မွန်ပါတီများ၊ ကချင်ပါတီများ ပေါင်းစည်းပါတီများ ဖွဲ့စည်းနိုင်ခြင်းပင်ဖြစ်သည်။ ပြည်နယ်အဆင့်တွင် တိုင်းရင်း သားပါတီများအားကောင်းလာသည့်အတွက်လည်းကောင်း၊ တိုင်းဒေသကြီးများတွင် လည်း ပါတီသစ်များပေါ်ထွက် လာခြင်းကြောင့် ပါတီစုံများအကြား ပြိုင်ဆိုင်မှု ပြင်းထန်ပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ တစ်ပါတီနှင့် တစ်ပါတီအကြား အပြန်အလှန် ထင်ယောင်ထင်မှားဖြစ်အောင် သွေးဆောင်ဖျားယောင်းမှုများရှိမည် ဖြစ်ပြီး နည်းဗျူဟာလည်း အသုံးပြုမှုများ လာမည်ဟု တွက်ချက် ခန့်မှန်း ချက်များစွာရှိသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ နိုင်ငံရေးပါတီများအကြား ထိပ်တိုက်ရင်ဆိုင်မှု များလည်းရှိနိုင်သည်။ တိုင်းဒေသကြီးတွင် ဗမာပါတီကြီးအချင်းချင်း အဓိကရင် ဆိုင်ကြရပြီး ပြည်နယ်များတွင် ဗမာပါတီကြီးများနှင့် ဒေသခံတိုင်းရင်းသား ပါတီများ အကြား ယှဉ်ပြိုင်ရမည်ဟု ခန့်မှန်းသုံးသပ်ကြသည်။ သို့သော် မဲဆန္ဒရှင် ပြည်သူများ အနေဖြင့် သက်တမ်း နှစ်ခုအတွင်း မဲပေးခဲ့သည့်အတွေ့အကြုံရပြီး ဖြစ်သောကြောင့် အေးအေးဆေးဆေး ဖြစ်မည်ဟုလည်း သုံးသပ်သူများလည်း ရှိသည်။


# အခန်း – ၆
# သုံးသပ်ချက်နှင့် အကြံပြုချက်များ

## ၆.၁ သုံးသပ်ချက်

### က) ပထမဆုံးအကြိမ်မဲပေးမည့်လူငယ်များနှင့် မြန်မာနိုင်ငံရှိ အသက် ၂၅ နှစ်အောက် လူငယ်များ၏ မဲပေးရွေးချယ်မည့် အခြေအနေ ကို ခန့်မှန်း တွက်ချက်ခြင်း

၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ပထမအကြိမ်မဲပေးမည့်သူဦးရေမှာ ၄.၈သန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ စုစုပေါင်းမဲပေးနိုင်သူအရေအတွက်မှာ တပ်နှင့် တပ်မိသားစုများအပါအဝင် ၃၇ သန်းခန့်ရှိမည်ဟု ခန့်မှန်းကြသည်ဖြစ်ရာ စုစုပေါင်း မဲပေးမည့်သူဦးရေ၏ ၁၃ ရာခိုင်နှုန်းဝန်းကျင်ခန့်ရှိမည်ဖြစ်သည်။ ပထမဆုံး အကြိမ် မဲပေးခွင့်ရရှိမည့် အသက် ၁၈ နှစ်မှ ၂၂ နှစ်ခန့်လူငယ်များနှင့် ၂၀၁၅ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်မှ ၂၀ နှစ်ဝန်းကျင်ရှိခဲ့သည့် ပထမအကြိမ် မဲပေးခွင့် ရခဲ့ကြသည့် လူငယ်များ၏ နိုင်ငံရေးခေါင်းဆောင်မှု၊နိုင်ငံရေးအပေါ် ရှုမြင်သုံးသပ်ချက် များနှင့် ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးချယ်မည့်ပုံစံများကို စစ်တမ်းဖြေဆိုချက်များ အပေါ် အခြေခံ၍ သုံးသပ်လေ့လာကြည့်ခဲ့ပါသည်။


စစ်တမ်းတွင်ပါဝင်ဖြေဆိုခဲ့ကြသူဦးရေစု စုပေါင်း ၆၂၂ ဦးတွင် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းမှ လူငယ်ဦးရေစုစုပေါင်း ၁၅၅ ဦးဖြေဆိုခဲ့ကြသည့်အတွက် စစ်တမ်းဖြေဆိုသူများ၏ ၂၅ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းလူငယ် များ၏ မြန်မာ့နိုင်ငံရေးကို လွန်ခဲ့သည့် ၅ နှစ်နှင့်နှိုင်းယှဉ်ဖြေကြားချက်ကို ထုတ်နှုတ် ဖော်ပြရလျှင် –




**ပုံ ၆ – ၁ အသက် ၁၈ – ၂၅ နှစ်အတွင်းလူငယ်များက မြန်မာ့နိုင်ငံရေးအခြေအနေကို လွန်ခဲ့သည့် နှိုင်းယှဉ်ဖြေကြားချက်**


စစ်တမ်းဖြေဆိုချက်များအရ အသက် ၁၈ နှစ်မှ ၂၅အတွင်းလူငယ်များ၏ ဖြေကြားချက်တွင် ကောင်းမွန်လာသည်ဟု ဖြေကြားသည့်ရာခိုင်နှုန်းမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိသဖြင့် စုစုပေါင်းစစ်တမ်းဖြေသူ ၆၂၂ ဦးအနက် ကောင်းမွန်လာသည်ဟု ဖြေဆိုသူ ၆၄ ရာခိုင်နှုန်းထက် ပိုများနေသည်ကို တွေ့ရမည်ဖြစ်သည်။ အလွန်ဆိုးရွားလာသည်ဟု ဖြေဆိုသူဦးရေ ၂၀ ဦးခန့်အနက် လူငယ်များအတွင်းမှ ဖြေဆိုသူမှာ တစ်ဦးရှိသည်ကိုလည်းတွေ့ရသည်။ လူငယ်များအနေဖြင့် မြန်မာ့နိုင်ငံရေး အခြေအနေကို အပြုသဘောဆောင်သည့် အမြင်မျိုးရှိနေခြင်းမှာ အားတက်စရာကောင်းလှသည်။

စစ်တမ်းတွင်ဖြေဆိုသည့် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များ၏ အစိုးရ၏အုပ်ချုပ်စီမံမှုနှင့် နိုင်ငံရေးခေါင်းဆောင်မှုအပေါ် ရှုမြင်သုံးသပ်ချက်များကို တင်ပြရလျှင် အားမရလှသည့်ကိစ္စများရှိနေသေးသော်လည်း မဆိုးလှပါဟု ဖြေဆိုသူဦးရေမှာ ၅၆ ရာခိုင်နှုန်းအထက် ရှိသည်။





**ပုံ ၆-၂ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များ၏ အစိုးရ၏ အုပ်ချုပ်စီမံမှုနှင့် နိုင်ငံရေးခေါင်းဆောင်မှုအပေါ် ရှုမြင်သုံးသပ်ချက်များ**

ဖြေဆိုသူ ၁၅၅ ဦးအနက် ၆၅ ရာခိုင်နှုန်း (၁၀၀ ဦး) က နိုင်ငံရေးခေါင်းဆောင်ဖြစ်ရန် လေ့ကျင့်ပျိုးထောင်ယူ၍ရသည်ဟု ဖြေဆိုကြသည်။ အခြေအနေပေးပါက နိုင်ငံရေးခေါင်းဆောင်ဖြစ်နိုင်သည်ဟု ဖြေဆိုသူဦးရေမှာ ၃၃ ဦး (၂၁ရာခိုင်နှုန်း) ရှိပြီး မွေးရာပါအရည် အချင်းတစ်ခုဟု ရှုမြင်သူဦးရေမှာ ၁၄ ရာခိုင်နှုန်း (၂၂ ဦး) ရှိသည်။ လူငယ်အများစုအနေဖြင့် နိုင်ငံရေးခေါင်းဆောင်ဖြစ်ရန် လေ့ကျင့်ပျိုးထောင်ယူ၍ရသည်ဟု သုံးသပ်နိုင်ပါသည်။





ပုံ ၆.၃ နိုင်ငံရေးခေါင်းဆောင်နှင့်ပတ်သက်၍ လူငယ်များလက်ခံယုံကြည်ထားသည့်အယူအဆများ

နိုင်ငံရေးအလုပ်ကို အလုပ်အကိုင်တစ်ခုအနေဖြင့် ရပ်တည်လုပ်ဆောင်မှသာ နိုင်ငံရေးရာများကို ထိရောက်စွာလုပ်ကိုင်နိုင်မည် - ဆိုသည့်အဆိုကို လက်ခံသဘောတူမှုအခြေအနေနှင့်ပတ်သက်၍ သဘောတူပါသည်ဟု ဖြေဆိုသူဦးရေမှာ ၆၁ ရာခိုင်နှုန်း (၉၄ ဦး) ရှိသည်။





ပုံ ၆-၄ နိုင်ငံရေးအလုပ်ကို အလုပ်အကိုင်တစ်ခုအနေဖြင့် ရပ်တည်လုပ်ဆောင်မှသာ နိုင်ငံရေးရာများကို ထိရောက်စွာ လုပ်ကိုင်နိုင်မည်။




**ပုံ ၆-၅ နိုင်ငံရေးခေါင်းဆောင်တစ်ဦးတွင်ရှိသင့်သည့် အရည်အချင်းများ**


နိုင်ငံရေးခေါင်းဆောင်တစ်ဦးတွင် ရှိသင့်သည့်အရည်အချင်းများကို ဦးစားပေး ရွေးချယ်ကြရာတွင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ကိုယ်စားပြုနိုင်သူနှင့် ဖြောင့်မတ်တည်ကြည်မှုရှိသူကို လိုလားသည်ဟု ဖြေဆိုကြသူ ဦးရေမှာ အများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ မူဝါဒကောင်းများ ချမှတ်အကောင် အထည်ဖော်နိုင်သည့် နိုင်ငံရေးခေါင်းဆောင်များနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိမှု တို့ကိုလိုအပ်သည့်အရည်အချင်းများဟု ရှုမြင်သူဦးရေမှာလည်း ၄၇ နှင့် ၄၀ ရာခိုင်နှုန်း အသီးသီးရှိကြသည်။

ယင်းလူငယ်များက ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးရာ၌ ကိုယ်စားလှယ်လောင်းရွေးချယ်မဲပေးရာတွင် အရေးကြီးဆုံးအချက်တစ်ချက်ကို ရွေးချယ်ကြရာတွင် အောက်ပါ အတိုင်းရွေးချယ်ထားကြသည်ကို တွေ့ရှိရသည်။




ပုံ ၆.၆ – ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးရာ၌ မဲပေးမည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများတွင် ထည့်သွင်းစဉ်းစားမည့်အရေးကြီးဆုံးအချက်တစ်ချက်


၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးရာ၌ မည်သို့ရွေးချယ်မည်နည်းဆိုသည့် မေးခွန်းကို စစ်တမ်းတွင် မေးမြန်းခဲ့ရာတွင် –




ပုံ ၆.၇ – ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးရာ၌ မည်သို့ရွေးချယ်မဲပေးမည်နည်း။

စစ်တမ်းဖြေဆိုခဲ့သူ လူငယ် ၁၅၅ ဦးအနက် ၉၀ ဦး (၅၈ ရာခိုင်နှုန်း) က လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းများကို နှိုင်းယှဉ်ကြည့်၍ မဲပေးမည်ဟု ဖြေဆိုကြပြီး ပါတီကိုကြည့်ပြီး မဲပေးမည့်သူအရေအတွက်မှာ ၄၂ ဦး (၂၇ ရာခိုင်နှုန်း) ရှိသည်။ သဘောကျသည့် ကိုယ်စားလှယ်လောင်းကို မဲပေးမည်ဟု ဖြေဆိုသူရာခိုင်နှုန်းမှာ ၁၅ ရာခိုင်နှုန်းသာရှိသည်။

နိဂုံးချုပ်အနေဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မည်သည့်နိုင်ငံရေးပါတီမျိုးကို မဲပေးရန် စိတ်ဝင်စားပါသလဲဟူသည့် မေးခွန်းကို စစ်တမ်းဖြေဆိုသည့် အသက် ၂၈ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များက ဖြေကြားကြရာတွင် မိမိတို့နှစ်သက်သဘောကျသည့် မူဝါဒများကို ချမှတ်၍ အကောင်အထည် ဖော်မည့်နိုင်ငံရေးပါတီမျိုးကို မဲပေးသူရာခိုင်နှုန်းမှာ ၄၆ ရာခိုင်နှုန်းဖြစ်သည်။






**ပုံ ၆.၈ – ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မည်သည့်နိုင်ငံရေးပါတီမျိုးကို မဲပေးရန် စိတ်ဝင်စားပါသလဲ။**

စစ်တမ်းဖြေဆိုသူများ၏ အဖြေရလဒ်များသည် တစ်နိုင်ငံလုံးရှိ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း လူငယ်များအားလုံးကို ကိုယ်စားပြုသည်ဟု ကောက်ချက်ဆွဲရန် ခက်ခဲသော်ငြားလည်း စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများသည် တိုင်းရင်းသားဒေသမျိုးစုံ၊ အလုပ်အကိုင်မျိုးစုံနှင့် မူလတန်းမှ တက္ကသိုလ်အထိတက်ရောက်နေသူများ၊ မဟာဘွဲ့ရရှိပြီးသူ လူငယ်များအထိပါဝင်သည့်အတွက် သက်ဆိုင်ရာနိုင်ငံရေးပါတီများ အနေဖြင့် ၁၉၉၅ ခုနှစ်နောက်ပိုင်းမွေးဖွားခဲ့ကြသည့် ပထမအကြိမ် မဲပေးခွင့်ရသည့် လူငယ်များနှင့် ဒုတိယအကြိမ်မဲပေးရမည့်လူငယ်များ၏ အမြင်အချို့ကို ကိုယ်စားလှယ်

လောင်းများရွေးချယ်ရာတွင်လည်းကောင်း၊ ပါတီမူဝါဒချမှတ်ရာတွင် လည်းကောင်း ထည့်သွင်းစဉ်းစားနိုင်စေရန် ဆန်းစစ်တင်ပြခြင်းဖြစ်ပါသည်။

### ခ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အုပ်ချုပ်စီမံမှုနှင့် နိုင်ငံရေးခေါင်းဆောင်မှု








ပုံ ၆.၉ – စစ်တမ်းတွင် တိုင်းဒေသကြီး/ပြည်နယ်များမှအစိုးရ၏အုပ်ချုပ်စီမံမှုနှင့် နိုင်ငံရေးခေါင်းဆောင်မှုအကဲဖြတ်ချက်များ

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ လက်ရှိအစိုးရ၏ အုပ်ချုပ်စီမံမှုနှင့် နိုင်ငံရေးခေါင်းဆောင်မှုများကို ရှုမြင်သုံးသပ်ကြပုံကွာခြားချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် ကွာခြားချက်ကြီးကြီးမားမားရှိလိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း များစွာကွာခြားမှုမရှိကြောင်းတွေ့ရသည်။

သုတေသနစစ်တမ်းကောက်ယူရာတွင် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးမည်ဆိုပါက ယခင်ဒေသအကျိုးဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိသူကို မဲပေးမည်ဖြစ်သည်ဟု တိုင်းဒေသကြီးသာကမ ပြည်နယ်များတွင်ပါ အများဆုံးဖြေဆိုထားကြသည်။ ထို့အပြင် ဒုတိယ ဖြေဆိုမှုအများဆုံးမှာ ကြိုက်နှစ်သက်သည့် ပါတီကို မဲပေးမည်ဟု ဖြေဆိုထားကြောင်းတွေ့ရပြီး ဒေသနှင့်လိုက်လျောညီထွေဖြစ်မှုနှင့် မိမိနှစ်သက်သည့် ခေါင်းဆောင်ပါဝင်မှုအပေါ် မူတည်ပြီး မဲပေးမည်ဖြစ်သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများအခြေပြုသည့် ပါတီများကို မဲပေးမည်ဟု ပြည်နယ်များမှ ဖြေဆိုသူ စုစုပေါင်း၏ ၃၉ ရာခိုင်နှုန်းမှ ဖြေဆိုသော်လည်း တိုင်းဒေသကြီးများမှ ဖြေဆိုသူများတွင် ၁.၅ ရာခိုင်နှုန်းသာရှိသည်မှာ သိသာသောကွာခြားချက်ဖြစ်သည်။ ခြုံ၍သုံးသပ်ရလျှင် စစ်တမ်းအဖြေများအရသော်လည်းကောင်း၊ လူတွေ့မေးမြန်းချက်များအရသော်လည်းကောင်း ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများအားကောင်းသည့်ဒေသများတွင် တိုင်းရင်းသားပါတီများအနိုင်ရနိုင်သော်လည်း ကျန်သည့်ဒေသများတွင်မူ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား မဲပေးမှုရလဒ်မှာ များစွာကွာခြားမည်မဟုတ်ချေ။

## ဂ) ၂၀၂၀ အထွေထွေရွေးကောက်ပွဲများတွင် မဲပေးမှုအခြေအနေ





**ပုံ ၆-၁၀ အသက်အရွယ်အလိုက် မဲမပေးခဲ့ရသည့် အကြောင်းအရင်း**

စစ်တမ်းကောက်ယူခဲ့သည် ၆၂၂ ဦးတွင် ၂၅ ရာခိုင်နှုန်းသည် မဲပေးခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပြီး ထိုသူများတွင် ၅၉ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ဖြစ်ကြသည်။ ၁၈.၆ ရာခိုင်နှုန်းသည် ၃၅နှစ်အထက်မှ ၄၅ နှစ်အတွင်းဖြစ်ပြီး ၁၄.၇ ရာခိုင်နှုန်းသည် အသက် ၂၅နှစ်အထက်မှ ၃၅ နှစ်အတွင်း ဖြစ်ပါသည်။ ၄ ရာခိုင်နှုန်းသည် ၄၅နှစ်အထက်မှ ၅၅နှစ်အတွင်း၊ ၂ ရာခိုင်နှုန်းသည် ၄၅ နှစ်အထက်မှ ၅၅ နှစ်အတွင်း ဖြစ်ပြီး ၁ ရာခိုင်နှုန်းသည် ၆၅ နှစ်အထက်ဖြစ်ပါသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မဲမပေးခဲ့ပါဟု ဖြေဆိုသူများမှာ ၄၇ရာခိုင်နှုန်း သည် ၂၈နှစ်မှ ၂၅နှစ်အတွင်းဖြစ်ပြီး အသက်မပြည့်သေးသောကြောင့် မဲမပေးခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသူများသည် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးမည်ဆိုပါက ၄င်းတို့အတွက် ပထမဦးဆုံး မဲပေးသည့် အတွေ့အကြုံဖြစ်ပါသည်။ ထို့အပြင် မဲမပေးခဲ့ပါဟု ဖြေဆိုသူ ၃၅နှစ်အထက်မှ ၄၅နှစ်အတွင်းရှိသူ ၁၁.၉ ရာခိုင်နှုန်း၊ ၂၅နှစ်မှ ၃၅နှစ်အတွင်းရှိသူ ၉ ရာခိုင်နှုန်း၊ ၅၅နှစ်အထက်မှ ၆၅နှစ်အတွင်း ၂ ရာခိုင်နှုန်းနှင့် အသက်အရွယ် ၄၅နှစ်အထက်မှ ၅၅နှစ်အတွင်းနှင့် ၆၅ နှစ်အထက်

၁.၇ ရာခိုင်နှုန်း အသီးသီးရှိသော ဖြေဆိုသူများသည် ၂၀၁၅ အထွေထွေရွေး ကောက်ပွဲကျင်းပနေချိန်တွင် မိမိတို့ မဲပေးရမည့် မဲဆန္ဒနယ်မြေတွင် မရှိသည့်အတွက် မဲပေးခွင့် ဆုံးရှုံးရခြင်းဖြစ်ပါသည်။ ထို့အပြင်မှတ်ပုံတင်မရှိ၍ မဲမပေးခဲ့ရသူ ရာခိုင်နှုန်း အချို့လည်း ရှိပါသည်။




ပုံ ၆.၁၁ – မဲမပေးခဲ့ပါဟုဖြေဆိုသူများက၏ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးမှု အခြေအနေ

၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် မဲမပေးခဲ့ပါဟု ဖြေဆိုသူများအား လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးမည်လားဟု မေးမြန်းရာတွင် ၇၄ ရာခိုင်နှုန်းသည် မဲပေးပါမည်ဟု ဖြေဆိုထားကြပြီး ၂၂ ရာခိုင်နှုန်းသည် မစဉ်းစားရသေးပါဟု ဖြေဆိုထားကြပါသည်။ မပေးပါဟု ဖြေဆိုသူ ၄ ရာခိုင်နှုန်းလည်းရှိပါသည်။ ထိုအချက်အလက်ကိုကြည့်ခြင်းအားဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများအနေဖြင့် ပါဝင်မဲပေးရန် ဆန္ဒရှိကြောင်းလည်းသုံးသပ်နိုင်သည်။

# ၆.၂ အကြံပြုချက်များ

နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းအပတ်စဉ် – ၆ မှ သင်တန်းသူ/သင်တန်းသားများ၏ သုတေသနမှ ရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း/တိုက်တွန်းအရေးဆိုခြင်းသင်ခန်းစာအတွက် ပြုလုပ်ခဲ့ရသည့် "နိုင်ငံရေးခေါင်းဆောင်မှု" ဤသုတေသနစာတမ်းအစီရင်ခံစာကို တွေ့ဆုံမေးမြန်းခဲ့ သူများ၏ ပြောဆိုဆွေးနွေးချက်များ၊ သင်တန်းသူ/သင်တန်းသားများ၏ သုံးသပ် ဆွေးနွေးချက်များနှင့် သန္တိအဖွဲ့ဝင်များ၏ ဆွေးနွေးအကြံပြုချက်များဖြင့် နိဂုံးချုပ်အဆုံး သတ်လိုပါသည်။

**<u>ဆန္ဒမဲပေးခွင့်ရှိသူများ မဲပေးခွင့်ရရေးနှင့် မှန်ကန်စွာမဲပေးနိုင်ရေး</u>**

- နိုင်ငံရေးကို နိုင်ငံသားတိုင်းနားလည်ရန်လိုအပ်သည်။ သုတေသနတွေ့ရှိချက်များ တွင် မဲဆန္ဒရှင်ပြည်သူများမဲမပေးနိုင်သည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြထား သကဲ့သို့ မဲပေးရာတွင် မှန်ကန်စွာမပေးနိုင်သည့်အတွက် ပယ်မဲဖြစ်ကြသည်များ ကိုလည်း နိုင်ငံရေးပါတီများအနေဖြင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်နှင့် မဲပေးရန် ပညာပေးသည့် အရပ်ဘက်အဖွဲ့အစည်းများ၏ပံ့ပိုးကူညီမှုနှင့် မဲပေး ခွင့်ရှိသူအားလုံး မဲပေးနိုင်စေရေးနှင့် မှန်ကန်စွာမဲပေးနိုင်ရေးတို့ကိုလည်း လုပ်ဆောင်သင့်သည်။ သို့မှသာ ပြည်သူများအနေဖြင့် မိမိတို့ကို အမှန်တကယ် ကိုယ်စားပြုသည့် အစိုးရနှင့် ကိုယ်စားလှယ်များကို ရွေးချယ်နိုင်ကြမည်ဖြစ်သည်။

**<u>နိုင်ငံရေးခေါင်းဆောင်မှု</u>**

- နိုင်ငံရေးကို တစိုက်မတ်မတ် လုပ်ကိုင် ဆောင်ရွက်သော ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမားများအနေဖြင့် နိုင်ငံရေးကို နေ့စဉ်နှင့်အမျှထိတွေ့ နေရသည့် အတွက် နိုင်ငံရေးအပြောင်းအလဲ ဖြစ်စဉ်များကို နေ့စဉ်နှင့်အမျှသိရှိနိုင်ခြင်း၊ ပါတီနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လူထုနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင် အားကောင်း ခြင်း၊ နိုင်ငံရေးအတွေးအခေါ်ထက်မြက်ခြင်း၊ နိုင်ငံရေးနယ်ပယ်တွင် ဒုက္ခခံခဲ့ရသည့် အတွေ့အကြုံများရှိသည့်အတွက် နိုင်ငံရေးသက်လုံကောင်းခြင်း စသည့် ကောင်းကျိုးများ ရှိသကဲ့သို့ မိမိတို့ စားဝတ်နေရေးရပ်တည်ရာတွင် ခက်ခဲနိုင်ခြင်း၊ နိုင်ငံရေးတွင် စိတ်ကူးစိတ်သန်းကောင်းများရှိသော်လည်း ပါတီ၏

မူဝါဒများနှင့်ချိန်ညှိလုပ်ဆောင် ရသည့်အတွက် လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်မှု အားနည်းခြင်းစသည့် အားနည်းချက်များလည်းရှိနိုင်သည်။

- ➢ ပရော်ဖက်ရှင်နယ်နိုင်ငံရေး သမားတစ်ယောက်သည် နိုင်ငံရေးအလုပ်ကို အစဉ်တစိုက်လုပ်ကိုင် ဆောင်ရွက်မှု (Consistency)၊ နိုင်ငံရေး နှင့်သက်ဆိုင်သည့် ဉာဏ်ရည်ဉာဏ်သွေး (Political Intelligence)၊ နိုင်ငံရေးတွင် သက်လုံကောင်းမှု၊ သည်းခံနိုင်မှု (Political Tolerance)၊ နိုင်ငံရေးကျင့်ဝတ်များ စောင့်ထိန်းနိုင်မှု (Political Ethics)၊ အချိန်အခါ ကိုသိရှိမှု (Timing)၊ အကန့်အသတ်ကိုသိရှိမှု (Limitation)၊ မဟာဗျူဟာမြောက်မှု (Strategies)နှင့် အများအကျိုးကို လိုလားမှု (Pubic Interest) ရှိရန်လိုအပ်မည်။
- ➢ နိုင်ငံရေးကို တစ်ဖက်၊ မိမိစီးပွားရေး တစ်ဖက်ဖြင့် အားသည့်အချိန် နိုင်ငံရေးတွင် ဝင်ရောက်လုပ်ကိုင်သည့် နိုင်ငံရေးသမားများအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ အရည် အချင်းများကိုဖြည့်ဆည်းနိုင်သည့် အားသာချက်ရှိသည်။ ဥပမာ – ခန့်အပ်ထားသည့် ဝန်ကြီးများသည် နိုင်ငံရေးတွင် ဝင်ရောက်လုပ်ကိုင်နေသူများမဟုတ်ပဲ အတတ်ပညာ ပိုင်းဆိုင်ရာကျွမ်းကျင်သည့်သူများကိုသာ ခန့်ထားခြင်းမျိုး) ထို့အပြင် မိမိ၏ ဝင်ငွေလမ်းကြောင်းဖြင့် ရပ်တည်နိုင်ခြင်း၊ Political Risk နည်းပါးခြင်းနှင့် နိုင်ငံရေးနှင့်ပတ်သက်သည့် တာဝန်အများကြီးမယူရခြင်း၊ အများနှင့်သက်ဆိုင်သည့် အလုပ်များကိုလည်း လွတ်လပ်စွာ လုပ်ကိုင်နိုင်ခြင်း၊ နိုင်ငံရေးရာကိစ္စများတွင်လည်း လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းများသည် အားသာချက်များဖြစ်ပြီး မိမိအာဏာလိုချင်သည့် အခါတွင် ရွေးကောက်ပွဲဝင်ပါက ပါတီတွင်း ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမားများနှင့် နှိုင်းယှဉ်ပါက နိုင်ငံရေးသမိုင်းမရှိသည့်အားနည်းချက်နှင့် ထိုကဲ့သို့ အလုပ်တစ်ဖက်၊ နိုင်ငံရေးတစ်ဖက်လုပ်ကိုင်မည်ဆိုပါက နိုင်ငံရေးတွင် ထဲထဲဝင်ဝင်လုပ်ကိုင်ဆောင်ရွက်နိုင်မှု မရှိခြင်း၊ အကျိုးစီးပွားပဋိပက္ခများ ရှိနိုင်ခြင်းတို့အတွက် စိုးရိမ်စရာရှိပြန်ပါသည်။

## နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးခေါင်းဆောင်မှု

- ➢ ပါတီများအနေဖြင့် နိုင်ငံရေးအရ လိုအပ်ချက် (Political Needs) နှင့် ပြည်သူလူထု၏လိုအပ်ချက်များ (Public Needs) များကိုဖြည့်ဆည်း ပေးရန်လိုအပ်ပါသည်။ ထို့အပြင် ပါတီများသည် ရှင်းလင်းတိကျသည် နိုင်ငံရေးရည်မှန်းချက်

(Clear Principle) များရှိရမည့်အပြင် လူ့အခွင့်အရေးအပြည်အဝရရှိရန်လည်း ဆောင်ရွက်သင့်သည်။

- လက်ရှိအချိန်တွင် လူသိများ၊ ထင်ရှားသည့်ခေါင်းဆောင်များကို ဗဟိုပြုသည့် စနစ်ဖြင့် (Charismatic leaders) မြန်မာနိုင်ငံမှ နိုင်ငံရေးပါတီများကို ဖွဲ့စည်းကြသည့် အခြေအနေမျိုးမှ တဖြည်းဖြည်း ခိုင်မာသည့်မူဝါဒများ၊ လက်တွေ့ကျသည့် စည်းမျဉ်းစည်းကမ်းများဖြင့် ဒီမိုကရေစီနည်းကျလုပ်ကိုင်ဆောင်ရွက်ကြသည့် စနစ်တကျ လုပ်ဆောင်ကြသည့်ပါတီ (Programmatic party)များဖြစ်လာအောင် ကြိုးပမ်းရန် လိုအပ်မည်ဖြစ်သည်။ ပြည်သူများနှင့် စေ့စပ်ညှိနှိုင်းမှုများ (Public Engagement)များ၊ သတင်းအချက်အလက်များ စနစ်တကျထုတ်ပြန်အသိပေး၍ ပြည်သူများ အနေဖြင့် မှန်ကန်သည့် ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့် ပြည်ထောင်စုစိတ်ဓာတ် သဘောထား အတွေးအခေါ် အယူအဆ များပြန့်ပွားအခြေတည်အောင် လုပ်ဆောင်နိုင်ရန်လိုအပ်သည်။ နိုင်ငံအတွက် အနာဂတ်တွင် ဦးဆောင်နိုင်မည့် ခေါင်းဆောင်ကောင်းများကို စနစ်တကျမွေးထုတ်ပေးရန်လည်း စီစဉ်သင့်သည်။
- လာမည့် ၂၀၂၀ ခုနှစ် အတွက် ကိုယ်စားလှယ်လောင်းများရွေးချယ်ရာတွင် ပါတီမှ လိုလားသူများထက် ပြည်သူလူထု အမှန်တကယ် လိုလားသည့် ပြည်သူ့အကျိုး အမှန်တကယ်သယ်ပိုးမည့်သူများကို ရွေးချယ်သင့်ပါသည်။ နိုင်ငံရေးခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်သည့် မူဝါဒများ ချမှတ်ရာတွင် ဒေသအလိုက် တိုင်းရင်းသားဒေသများတွင် မူရင်းဒေသခံများ ပါဝင်နိုင်ရေး လုပ်သင့်ပါသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် အရည်အချင်းရှိသည့် အမျိုးသမီး ခေါင်းဆောင်များကို အနည်းဆုံး ၃၀% ခန့်ကိုယ်စားလှယ်လောင်းများ အဖြစ် ဦးစားပေးရွေးချယ်သင့်သည်။ နိုင်ငံရေးပါတီ များအနေဖြင့် အမျိုးသမီးများ ပါဝင်နိုင်ရန် နှင့် အရံလူများအနေဖြင့်မဟုတ်ပဲ အရေးကြီးသည့် ဆုံးဖြတ်ချက် ချမှတ်သည့် အခန်းကဏ္ဍမျိုးမှပါဝင်ခွင့်ရနိုင်စေရန် မူဝါဒချရန်လည်း အထူး အရေးကြီးသည်။ လူငယ်များကိုလည်း နိုင်ငံရေးတွင် ပို၍ ပါဝင်လာစေရန် စည်းရုံးရန်လိုအပ်သကဲ့သို့ စွမ်းရည်မြှင့်တင်ပေးရန်၊ လုပ်ငန်းအတွေ့အကြုံများ ရှိလာစေရန် လုပ်ကိုင်ခွင့်များပေးရန်လည်းလိုအပ်သည်။
- မိမိတို့ ဒေသအလိုက် မိမိဒေသ၏ အခြေအနေမှန်များ သိရှိကျွမ်းကျင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူလက်တွဲလုပ်ကိုင်၍ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် အပြန်အလှန်ထိန်းကျောင်းသည့်လုပ်ငန်းစဉ်များကို အားကောင်းအောင် လုပ်ဆောင်သင့်သည်။

နိဂုံးချုပ်အနေဖြင့် – မြန်မာနိုင်ငံ၏သမိုင်းတွင် "နိုင်ငံရေး"၊ "နိုင်ငံရေးသမား" ဆိုသည့် ဝေါဟာရများကို အဆိုးမြင်ခဲ့ရသည့် အတိတ်ကာလကို အပြီးတိုင်ကျော ခိုင်းထွက်ခွာနိုင်ရန်အတွက် လက်ရှိအချိန်တွင် ဒီမိုကရေစီစနစ်အတွက် အရေးပါသည့် မောင်းနှင်အားများဖြစ်သည့် နိုင်ငံရေးသမား၊ နိုင်ငံရေးပါတီ၊ နိုင်ငံရေး ခေါင်းဆောင်မှုဆိုသည့် ဝေါဟာရများကို ပြည်သူများ၏အမြင်များကို ကောင်းစွာနားလည် သဘောပေါက်နိုင်ရန်အတွက် ဤသုတေသနကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ သုတေသနမှရရှိခဲ့သည့် အချက်အလက်များသည် နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ အတွက် ဒီမိုကရေစီအားကောင်းရှင်သန်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တဖက်တလမ်းမှ အသုံးဝင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

# အချပ်ပို (၁)

## ဒီမိုကရက်တစ်ကေဒါ

ဒီမိုကရက်ဆိုတဲ့စကားလုံးနဲ့ ကေဒါဆိုတဲ့ ဝေါဟာရကို ပူးတွဲလိုက်လို့ တမျိုးတော့ မထင်စေချင်ပါ။ အထင်အမြင်လွဲနိုင်တဲ့အကြောင်းကတော့၊ ဒီမိုကရက်ဆိုတာ လစ်ဘရယ်သဘောကို သုံးတဲ့စကားလုံးဖြစ်ပါတယ်။ ကေဒါဆိုတာကတော့ လက်ဝဲဘက်က အသုံးဖြစ်ပါတယ်။ တနည်းအားဖြင့် ကွန်မြူနစ်တွေ၊ ဆိုရှယ်လစ်တွေ သုံးတဲ့ အသုံးဖြစ်ပါတယ်။ ဒီနေရာမှာ ကျနော်နားလည်သဘောပေါက်ထားတဲ့ ကေဒါဆိုတဲ့ ဝေါဟာရရဲ့ အနက်သဘောကို ရှင်းချင်ပါတယ်။ မှားကောင်းမှားနိုင်ပါတယ်။ လွဲကောင်းလွဲနိုင်ပါတယ်။ ကွန်မြူနစ်ဂုရုကြီးများကတော့ ကျနော့်ထပ်ပိုပြီး ကျွမ်းကျင်ပိုင်နိုင်နိုင်ပါတယ်။ ထားတော့။

### ကေဒါ

ကေဒါဆိုတာကို ကျနော်က အခုလို နားလည်ထားပါတယ်။

- (ဝါဒအပေါ်) ယုံကြည်သက်ဝင်မှုအရ သံသယရှိစရာ မလိုသောသူ(ယုံကြည်မှု)
- အထူးလေ့ကျင့်သင်ကြားပေးထားပြီး (ဝါဒကို) နားလည်သဘောပေါက်မှုအရ ကျွမ်း ကျင်ပိုင်နိုင်သောသူ (သိမှု)၊
- (ဝါဒကို) အများနားလည်သဘောပေါက်အောင် ရှင်းပြစည်းရုံးနိုင်စွမ်း ရှိသူ (စည်းရုံးနိုင်မှု)၊ တနည်း အားဖြင့် ဆဲလ်တွေကို ပွားအောင် မွေးပေးနိုင်သောသူ ။

ဒီသုံးချက်အပေါ်မှာ အခြေခံတယ်လို့ ယူဆပါတယ်။ တခြားသော အနက်သဘောကိုလည်း ထပ်တိုးဆောင်နိုင်ပါသေးတယ်။ ကျနော်ကတော့ ဒီသုံးချက်ကို အခြေခံပြီး ပြောချင်ပါတယ်။ “ဒီမိုကရက်တစ်ကေဒါ” လို့ ဆိုလိုတဲ့ အနက်အဓိပ္ပာယ်ကတော့၊ ဒီမိုကရေစီကျင့်ထုံးနဲ့ အယူအဆ၊ နည်းနာ၊ နှုန်းစံတွေကို ယုံကြည်သက်ဝင်ပြီးတော့၊ ကိုယ်တိုင်ကလည်းကောင်းကောင်း နားလည်သဘောပေါက်ထားပြီး၊ တခြားသူတွေနားလည်အောင် စည်းရုံးမှု စွမ်းရည်ရှိတဲ့လူတွေကို ဒီမိုကရက်တစ်ကေဒါလို့ ပညတ်ချင်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ၊ ဒီလိုလူတွေ ပေါ်ထွန်းဖို့ လိုပါတယ်။ ဒါဆိုရင် ဒီလို ဒီမိုကရက်တစ်ကေဒါတွေဟာ ဘယ်လိုနေရာမျိုးမှာ ပေါ်ထွန်းဖို့ လိုတာလဲ။

ပါတီနိုင်ငံရေးမှာ ....
ကျနော်ကတော့ ပါတီနိုင်ငံရေးအခြေပြုပြီး ပြောချင်ပါတယ်။ ဒီမိုကရေစီဖြစ်စဉ်မှာ၊ နိုင်ငံရေးပါတီတွေဟာ အရေးကြီးတဲ့ ဇာတ်ကောင်တွေဖြစ်တယ်။ ဒီဇာတ်ကောင်တွေဟာ ရွေးကောက်ပွဲဖြစ်စဉ် အခင်းအကျင်းကို ဖြတ်သန်းပြီး လူထုရဲ့ ယုံကြည်အပ်နှံမှုကို အစမ်းသပ်ခံရတယ်။ လူထုရဲ့ ယုံကြည်မှုကို ပြတ်ပြတ်သားသားရပြီဆိုရင်၊ အစိုးရအလုပ်ကို လုပ်ခွင့်ရပြီး၊ နိုင်ငံရေးအာဏာကို ဆုပ်ကိုင်ခွင့်ရတယ်။ ဒီလိုဆုပ်ကိုင်ထားတဲ့ နိုင်ငံရေးအာဏာ နဲ့ တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းကို ကျေးဇူးပြုရတယ်။ လူထုအကျိုးကို ထမ်းရွက်ရတယ်။ ထမ်းဆောင်ရတယ်။ ဒီတော့ ဒီမိုကရေစီအခင်းအကျင်းအတွက်၊ ရွေးကောက်ပွဲယှဉ်ပြိုင်ပြီး အစိုးရဖြစ်လာမယ့် နိုင်ငံရေးပါတီတွေဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိတယ်။ ဒီတော့ အနာဂတ် ဒီမိုကရေစီခရီးလမ်းအတွက်၊ ဒီမိုကရက်တစ် နိုင်ငံရေး ပါတီတွေ ဖြစ်ထွန်းသန်မာ အားကောင်းရေးဟာ၊ သိပ်အရေးကြီးတယ်။ ဒီ့အတွက် နိုင်ငံရေးပါတီတွေ ထဲမှာ၊ ဒီမိုကရက်တစ်ကေဒါတွေ အများကြီး မွေးမြူဖို့လိုတယ်။ ပါတီတွေက မွေးဖွားလာတဲ့ ဒီမိုကရက်တစ်ကေဒါတွေဟာ အနာဂတ် ဒီမိုကရေစီအခင်းအကျင်းအတွက် ခေတ်ပြုထောက်ကူမယ့် အဓိက ဒြပ်စင်တွေဖြစ် လာမယ်။ ဒါဟာ အနာဂတ်ဒီမိုကရေစီ ကျင့်စဉ်ကို တည်ဆောက်ခြင်းလည်းဖြစ်တယ်။ ဒီမိုကရက်တစ်လူ့ ဘောင်ကို တည်ဆောက်ပံ့ပိုးခြင်းလည်းဖြစ်တယ်။ ကျနော်တို့ဟာ ဒီမိုကရေစီကို ဘာလို့ လိုလားသလဲ။

## နှိုင်းယှဉ်ချက်

အကြောင်းရပ်တွေကတော့ အများကြီးရှိပါတယ်။ လူပိန်းနားလည်မှုအရ ပြောရရင်၊ အာဏာရှင်စနစ်ထက်တော့ ဒီမိုကရေစီဟာ ကောင်းကွက်တွေ အများကြီး ရှိတယ်။ လူထုဟာ ကိုယ့်ကြမ္မာကို ကိုယ်ပြဌာန်းခွင့် ရှိတယ်။ ကိုယ့်ကို အုပ်ချုပ်မယ့်အစိုးရကို ရွေးချယ်ခွင့်ရှိတယ်။ လူသားဘဝလွတ်လပ်မှုနဲ့ တစ်ကိုယ်ရည်လွတ်လပ်မှုတွေကို ပိုရပြီး ကိုယ့်ဘဝကို လွတ်လပ်စွာ ရှင်သန်လှုပ်ရှားခွင့်ရတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ တန်းတူညီမှု၊ တရားမျှတမှုနဲ့ ရွေးချယ်ခွင့်၊ ငြင်းပယ်ခွင့်တွေကို လူထုက ရတယ်။ လူသားတစ်ဦးချင်းစီကရတယ်။ လူတစ်ယောက်ရဲ့ ဘဝကို တစ်စု၊ တစ်ဖွဲ့၊ တစ်ဦး၊ တစ်ယောက်က ချုပ်ကိုင်ချယ်လှယ်တာကနေ ကင်းလွတ်နေတယ်။ အချုပ်ကတော့၊ လွတ်လပ်မှုနဲ့ ကိုယ့်ကြမ္မာကို ကိုယ်ပိုင်ဆိုင်မှုပဲ။ ဒါ့ကြောင့် ကျနော်တို့ဟာ အာဏာရှင်စနစ်ကို ငြင်းပယ်တယ်။ ဒီမိုကရေစီစနစ်ကို လိုလားတောင့်တတယ်။ အသက်သွင်းချင်တယ်။

## ဘယ်လိုအရေးပါသလဲ

ဒီမိုကရက်တစ်ကေဒါတွေက ဘယ်လို အရေးပါနိုင်သလဲ။ ဒီမေးခွန်းကို ဖြေချင်ပါတယ်။ ဒီမိုကရေစီ ကျင့်ထုံးတွေ လူ့အဖွဲ့အစည်းအတွင်းမှာ အသက်ဝင်ဖို့ ဆိုရင်၊ ဒီမိုကရေစီကျင့်စဉ်ကို ယုံကြည်သက်ဝင်တဲ့သူတွေ လိုတယ်။ ဒါမှ အာဏာရှင် မဆန်ဘဲ ဒီမိုကရေစီဆန်တဲ့ လူ့အသိုင်းအဝိုင်းအတွက် အဖွဲ့ဝင်တွေ တိုးလာမှာပေါ့။ ဒီလိုဖြစ်ဖို့ အတွက်ဆိုရင် မျက်ကန်းယုံကြည်နေရုံမျှလည်း မရပြန်ဘူး။ အသိပညာ ခေါင်းပါးတဲ့လူအများစုကြီးဆီကို ဒီမိုကရေစီစနစ် ထည့်ပေးလိုက်ရင် ပရမ်းပတာဖြစ် ကြတာများတယ်။ ကောင်းကျိုးထက် ဆိုးကျိုးများတယ်။ ဒီတော့ ဒီမိုကရေစီ ကျင့်ထုံးတွေ၊ နှုန်းစံတွေကို ကောင်းကောင်း နားလည်သဘောပေါက်ပြီး ခေတ်အမြင် ရှိတဲ့ တတ်ကျွမ်းနားလည်သူတွေ လိုတယ်။ ဒီမိုကရေစီဆိုတာ အများစုကြီး သဘောထား အတိုင်းလုပ်ဆောင်တဲ့ စနစ်ပဲ ဆိုတဲ့အဆင့်နဲ့ မရဘူး။ ဒီမိုကရေစီဆိုတာ အများသဘော၊ အများစုဆန္ဒဆိုတာထက် အများကြီးပိုတယ်။ ဒါက အခြေခံအဆင့်ပဲ ရှိသေးတယ်။ လစ်ဘရယ်ဒီမိုကရေစီဆိုရင် ပိုပြီး ကျယ်ပြန့်လာတဲ့သဘောတောင် ရှိတယ်။ တစ်ဖက်မှာလည်း ဒီမိုကရေစီဘက်တော်သားတွေ တိုးပွားဖို့ လိုသေးတယ်။ လူ့အဖွဲ့အစည်းအတွင်းမှာ တည်ဆဲဒီမိုကရေစီယုံကြည်သက်ဝင်နေသူတွေနဲ့တင် မလုံလောက်သေးဘူး။ ဒီမိုကရက်တစ်ဆဲလ်တွေ ပွားအောင် မွေးပေးဖို့လည်း လိုသေး တယ်။ ဒီတော့ စည်းရုံးရေးစွမ်းရည်ဟာ အခရာကျလာပြီ။ အရေးကြီးလာပြီ။ ဒါဟာ ဒီမိုကရက်တစ်ကေဒါတွေ လုပ်ရမယ့် အလုပ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရက်တစ် ကေဒါတွေဟာ အရေးပါတယ်၊ အရေးကြီးတဲ့သူတွေ ဖြစ်တယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

## ပါတီတွင်း အမာခံ အင်အားစု

ဒီမိုကရက်တစ်ကေဒါတွေဟာ၊ ရပ်ထဲရွာထဲမှာ ဖောချင်းသောချင်း ရှိနေရမယ်လို့ မဆိုလိုပါ။ ဒီမိုကရေစီစနစ်ကို အားဖြည့်မောင်းနှင်မယ့်၊ နိုင်ငံရေးပါတီတွေမှာ အမာခံ ဒီမိုကရက်တစ်ကေဒါတွေကို မွေးထုတ်နိုင်ခြင်းဟာ အရေးကြီးတယ်။ ပါတီတည် ဆောက်ရေးလုပ်ငန်းစဉ်တွေဟာ စဉ်ဆက်မပြတ် လုပ်ဆောင်နေရပါတယ်။ နိုင်ငံရေး လုပ်ခွင့် လွတ်လပ်စွာ မရခဲ့တဲ့မြန်မာနိုင်ငံအဖို့၊ နိုင်ငံရေးပါတီတွေ ကြံ့ခိုင်သန်မာရေး ဟာ လိုအပ်နေသေးတယ်။ အထူးလေ့ကျင့်တည်ဆောက်ထားတဲ့ ဒီမိုကရေစီဘက် တော်သားတွေ များများစားစား၊ ပါတီတွင်းမှာ ရှိနေမှ၊ မြန်မာပြည်ရဲ့ အနာဂတ် ဒီမိုကရေစီလမ်းစဉ်ဟာ အာမခံချက်ရှိပါလိမ့်မယ်။ ပါတီတွင်းမှာ စွမ်းရည်မြှင့်သင် တန်းတွေ ပေးတာအပြင်၊ ခေတ်အမြင် ခေတ်အတွေးနဲ့ ကမ္ဘာကို လိုက်နိုင်တဲ့

အသိဉာဏ်ပညာထွန်းကားဖို့ လေ့ကျင့်တဲ့ ကွင်းပြင်တွေလည်း လိုအပ်တယ်။ အနာဂတ်တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းကို ဦးဆောင်ထမ်းရွက်ချင်ပါတယ်လို့ ဆိုတဲ့သူတွေက ပေါ့ပေါ့နေ ပေါ့ပေါ့စားတွေတော့ မဖြစ်သင့်ဘူး။ သာမန်လူတစ်ယောက်က ခပ်ပေါ့ပေါ့နေတာ အကြောင်း မဟုတ်ပေမယ့်၊ အများအကျိုးထမ်းရွက်ချင်ပါတယ်လို့ ပြောပြီး ပါတီ နိုင်ငံရေးဝင်လုပ်နေတဲ့လူတွေက ခပ်ပေါ့ပေါ့ဖြစ်နေရင်တော့ ဒါဟာ အပြစ်ပဲ။ ဒါဟာ ပြစ်ချက်ပဲ။ ကိုယ်ကျင့်စရိုက်က ခပ်ပေါ့ပေါ့ဖြစ်နေပြီးတော့ ပါးစပ်က အများအကျိုး ဘာညာ ရွတ်ဖတ်သရဇ္ဈာယ်နေရင်တော့၊ ဒါဟာ သေချာတယ်။ နိုင်ငံရေးအပမှီ နေတယ်လို့ပဲ ဆိုနိုင်တယ်။ နိုင်ငံရေး ပယောဂဝင်နေတယ်။ နိုင်ငံရေးမိစ္ဆာဝင်ပူးနေတယ်။ ဒါကို တိုက်ထုတ်ခွာပစ်မှရမယ်။ သို့မဟုတ်ရင် တိုင်းပြည်နာတယ်။

ပါတီတည်ဆောက်ရေးမှာ၊ ဒီမိုကရက်တစ်ကေဒါကောင်းတွေ လောက်လောက်လားလား မွေးမြူ ပျိုးထောင် နေရာပေးနိုင်ကြပါစေ....။

**မင်းသေ့**

**နံနက် ၂း၁၀**

**၇၊ ဇူလိုင်၊ ၂၀၂၀။**

# အချပ်ပို (၂)

## သုတေသနပြုလုပ်မေးမြန်းခဲ့သည့် ဒေသများ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ခရိုင် | မြို့/မြို့နယ် | ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | မြစ်ကြီးနား | မြစ်ကြီးနား | စီတာပူရပ်ကွက် |
| | | | | မြို့သစ်ရပ်ကွက် |
| | | | | မြို့မရပ်ကွက် |
| | | | | သီတာရပ်ကွက် |
| | | | | အေးစေတီရပ်ကွက် |
| | | | | ရန်ကြီးအောင် ရပ်ကွက် |
| | | | | ယုဇနရပ်ကွက် |
| | | | | ခေမာသီရိရပ်ကွက် |
| | | | | အင်ဂျန်ဒုံရပ်ကွက် |
| | | | | ရမ်ပူရပ်ကွက် |
| | | | | မန်ခိန်ရပ်ကွက် |
| | | | ဝိုင်းမော် | ကန်ပိုက်တီးမြို့ |
| | | | တနိုင်း | ဟူးကောင်းရပ်ကွက် |
| | | | | ဆင်မ်ဆာ့ရပ်ကွက် |
| | | | | ဒူးကောင်းရပ်ကွက် |
| | | | | အမှတ်(၂)၊(၁) မဲဆန္ဒနယ် |
| | | | | မုန်ဒိန်ရပ်ကွက် |
| | | မိုးညှင်း | မိုးညှင်း | မြို့မရပ်ကွက် |
| | | | | မြကျွန်းသာရပ်ကွက် |
| | | | | မြို့သစ်ကျေးရွာ |
| | | | | မပျင်ကျေးရွာ |

| | | | | |
|---|---|---|---|---|
| | | | ဟိုပင် | မြသီတာရပ်ကွက် |
| | | | မိုးကောင်း | ဈေးကုန်းရပ်ကွက် |
| | | | | နန့်ရင်းရပ်ကွက် |
| | | | | မြို့ဦးရပ်ကွက် |
| | | | ဖားကန့် | ဟောင်ပါးရွာ ရပ်ကွက် (၄) |
| | | | | ဆိုင်းဝမ်ရက်ကွက် |
| | | | | ဆိပ်မူအုပ်စုရှမ်းစုရွာ |
| | | | | မရှီကထောင်ကျေးရွာ |
| | | | | စံပြရွာ |
| | | ဗန်းမော် | ဗန်းမော် | ညောင်ပင်ရပ်ကွက် |
| | | | | ခူးလီရပ်ကွက် |
| | | | | ကွက်သစ်၂ ရပ်ကွက် |
| | | | | ခွန်သာရပ်ကွက် |
| | | | | မင်းကျောင်းကုန်းရပ်ကွက် |
| | | | | ရွှေကူမြို့နယ် ၁ ရပ်ကွက် |
| | | | | သာစည်ရပ်ကွက် |
| | | | | ကောင်းတုံကျေးရွာ |
| | | | | ပေါက်ကုန်းရပ် |
| | | | | ရွှေပြည်သာရပ်ကွက် |
| | | | | မင်းလှရပ် |
| | | | | မြို့မရပ် |
| | | | | အလယ်ရပ် |
| | | | | မင်းကုန်းရပ် |
| | | | | ပါပေါင်းကျေးရွာ |
| | | | | နောင်ခိုအုပ်စု |
| | | | | သိမ်းတော်ကျေးရွာ |
| | | | | စီဟဲရွာ |

| | | | | |
|---|---|---|---|---|
| | | ပူတာအို | ပူတာအို | ဟိုခိုရပ်ကွက် |
| | | | | လေယာဥ်ကွင်းရပ်ကွက် |
| | | | | လယ်မယ်ဝါဂျီ ကျေးရွာ |
| ၂ | ကယားပြည်နယ် | ဘောလခဲ | လွိုင်ကော် | နောင်ယားက ကျေးရွာ |
| | | | ဖားဆောင်း | ဝေဝေါ်ကျေးရွာ |
| ၃ | ကရင်ပြည်နယ် | ဘားအံ | ဘားအံ | နောင်ထလုံး ရပ်ကွက် |
| | | | | အမှတ်၁ရပ်ကွက် |
| | | ဖာပွန် | ဖာပွန် | ပေးကေးကျေးရွာ |
| | | ကော့ကရိတ် | ကော့ကရိတ် | |
| | | | ကြာအင်းဆိပ်ကြီး | အမှတ် ၅ ရပ်ကွက် |
| | | | | လန်းဖားရွာ |
| ၄ | ချင်းပြည်နယ် | မင်းတပ် | မင်းတပ် | ကွပ်စစ်၂ရပ်ကွက် |
| | | | | မဒပ်အုပ်စုထေပန်းကျေးရွာ |
| | | | | ဖွီကျေးရွာ |
| | | | | ပြုံးကျေးရွာ |
| | | | မတူပီ | ခိုဘွေရပ်ကွက် |
| | | | | စဘောင်ကျေးရွာ |
| | | | ဆမီး | ဆမီးမြို့ |
| ၅ | မွန်ပြည်နယ် | မော်လမြိုင် | မော်လမြိုင် | ငံတေးရပ်ကွက် |
| | | | | ရွှေတောင်ရပ် |
| | | | | မြိုင်သာယာရပ် |
| | | | | ဈေးကြို တောင်ပိုင်းရပ် |
| | | | | သိရိမြိုင်သုဝဏ္ဏလမ်း |
| | | | | မောင်ငံအလယ်လမ်း |
| | | | ကျိုက်မရော | ရန်မျိုးအောင်ရပ်ကွက် |
| | | | | ရှင်စောပုရပ်ကွက် |
| | | | ချောင်းဆုံ | ဘိုးနက်ရွာ |
| | | | | ကညော်ကျေးရွာ |

| | | | | |
|---|---|---|---|---|
| | | | မုဒုံ | ကလော့သော့ရွာ |
| | | | | ဒိုးမားရွာ |
| | | | | ထုင်မံရွာ |
| | | | | တောင်ပရွာ |
| | | | | ကော့ပီထောရွာ |
| | | | | ကာပတွန်ကျေးရွာ |
| | | | | ပိုင်ကမာကျေးရွာ |
| | | သထုံ | ဘီးလင်း | ကျောက်ရေတွင်းကျေးရွာ |
| | | | | အလူးလေးကျေးရွာ |
| ၆ | ရခိုင်ပြည်နယ် | စစ်တွေ | စစ်တွေ | ဘောက်သီးစုရပ်ကွက် |
| | | မြောက်ဦး | ကျောက်တော် | ပြည်တော်သာရပ်ကွက် |
| | | | | ပေါလေဂကျေးရွာ |
| | | ကျောက်ဖြူ | အမ်း | အမ်းမြို့ဟောင်း |
| | | | | အမှတ်(၁) ရပ်ကွက် |
| | | | | အမှတ်(၃)ရပ်ကွက် |
| | | | | အမှတ်(၅) ရပ်ကွက် |
| | | | | မြောက်ဖက်ရပ်ကွက် |
| | | | | လမရာအုပ်စု၊ ဘဲရပ်ရွာ |
| | | | | စပ်စီအုပ်စု |
| | | | | ဒလက်အုပ်စု၊ မြောက်ရွာ |
| | | | | လုံးအုပ်စု၊ ပြောင်းချောင်းရွာ |
| | | | | လုံးအုပ်စု၊ ချင်းကုန်း |
| | | | | လုံးအုပ်စု၊ ရေအေးရွာ |
| | | | | ထိုက်မော်အုပ်စု |
| | | | | အုန်းတည်ချောင်းရွာ |
| | | | | ရွာဟောကျေးရွာ |
| | | | | စတေးရွာ |

| | | | | |
|---|---|---|---|---|
| ၇ | ရှမ်းပြည်နယ် | တောင်ကြီး | တောင်ကြီး | အေးသာယာ စက်မှုဇုန် |
| | | | | ချမ်းသာရပ်ကွက် |
| | | | | ရွှေညောင်ကျေးရွာ |
| | | | | အွံ့အားကျေးရွာ |
| | | | | လွယ်ကောင်းရွာ |
| | | | | ညီးမှုူးရွာ |
| | | | | ဘုရားဖြူရပ်ကွက် |
| | | | ကျောက်တလုံးကြီး | နောင်ပစ်ရွာ |
| | | | | နောင်ပစ်ရွာ |
| | | | ညောင်ရွှေ | သာစည်ရပ်ကွက် |
| | | | | နန္ဒဝန်ရပ် |
| | | | ဟိုပုံး | နောင်ယာဆိုင်းရွာ |
| | | | ဆီဆိုင် | လွယ်ဆံဆစ်ကျေးရွာ |
| | | | ပင်လောင်း | ဟံတနျားကျေးရွာ |
| | | | | ခန္ဓဲကောင်ထိုကျေးရွာ |
| | | | | လိန်းညားရွာ |
| | | | | ကောင်လွို့ရွာ |
| | | | | ပင်မွန်းရွာ |
| | | လွိုင်လင် | လွိုင်လင် | ပင်ငုံရပ်ကွက် ၃ |
| | | | နမ့်စန် | နယ်မြေ ၅ |
| | | | | ၄ ရပ်ကွက် |
| | | | | ဟိုင်းနားကြီးကျေးရွာ |
| | | | | တုန်ဟုန်းကျေးရွာ |
| | | | | အမှတ် ၁၀ ရွာ |
| | | | | ၂၉မိုင်ရွာ |
| | | | | နမ့်လင်းရွာ |
| | | | | ပုံပါကျင်ရပ်ကွက် |
| | | | | ဟိုင်းနားလေးရွာ |

| | | | | |
|---|---|---|---|---|
| | | | ကျေးသီး | ဝမ်ဝပ်ရွာ |
| | | | မိုင်းကိုင် | ပြင်မကျေးရွာ |
| | | | မိုင်းရှူး | မိုင်းစံ ၁ ရက်ကွက် |
| | | | | နားခါးရွာ |
| | | | | နားနမ့်လတ်ရွာ |
| | | | | နားစံကျေးရွာ |
| | | | မိုင်းစံ | |
| | | ဟိုပန် | ဟိုပန် | ရုံးကုန်းရပ်ကွက် |
| | | မိုင်းဆက် | မိုင်းပန် | အနောက်ရပ်ကွက် |
| | | လားရှိုး | လားရှိုး | ၁၁ ရပ်ကွက် |
| | | | | ၈ ရပ်ကွက် |
| | | | | ၁၂ ရပ်ကွက် |
| | | | | ရပ်ကွက် ၁၀ |
| | | ကျိုင်းတုံ | ကျိုင်းတုံ | ရှီးလုံမြို့သစ် ရပ်ကွက်၃ |
| | | | မိုင်းရယ် | ၁ ရပ်ကွက် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ကန်ကြီးထောင့် | ၇ ရပ်ကွက် |
| | | | | ကျွန်းလျှားရှည်ကျေးရွာ |
| | | | ငပုတော | သက္ကယ်သောင်ရွာ |
| | | | ပုသိမ် | ရကအ ၂ ရပ်ကွက် |
| | | | | ရကအ ၉ |
| | | | | ၆ ရပ်ကွက် |
| | | | | ၂ ရပ်ကွက် |
| | | | | ၄ ရပ်ကွက် |
| | | | | မြဝတီရပ်ကွက် |
| | | | | လက်ပန်ကျေးရွာ |
| | | | | ဇီးကုန်းရွာ |
| | | | သာပေါင်း | ၁ ရပ်ကွက် |
| | | | | ၂ ရပ်ကွက် |

| | | | | |
|---|---|---|---|---|
| | | | | မောင်နှမကုန်းရပ်ကွက် |
| | | | | မရမ်းချိုရပ်ကွက် |
| | | | | စက်ဒေါင့်ကြီးကျေးရွာ |
| | | မအူပင် | ညောင်တုန်း | ၇ ရပ်ကွက် |
| | | | မအူပင် | ၈ ရပ်ကွက် |
| | | | ပန်းတနော် | အင်းတော်လေးရွာ |
| | | | | ပိန်ချောင်းကျေးရွာ |
| | | | | အစုကြီးကျေးရွာ |
| | | | | ထိန်ကုလားကုန်း ကျေးရွာ |
| | | မြောင်းမြ | မြောင်းမြ | လူတော်ကြီး ရပ်ကွက် |
| | | | | မြရတနာကွယ်လွယ် ရပ်ကွက် |
| | | | | မြို့ဟောင်းရပ်ကွက် |
| | | | | ၅ ရပ်ကွက် |
| | | | | ပကိတ်ကြီးကျေးရွာ |
| | | | | ကျားကွင်းကျေးရွာ |
| | | | | ဒရယ်ပေါက်ကျေးရွာ |
| | | | အိမ်မဲ | ဝဲကြီးကူရွာ |
| | | | | လှည်းဆိပ်တူးမြောင်း ကျေးရွာ |
| | | | | ကျုံပဒီကျေးရွာ |
| | | | | ကမန်းတံခွန်တိုင်ကျေး ရွာ |
| | | | | ထန်းလေးပင်ကျေးရွာ |
| | | လက်ပွတ္တာ | မော်လမြိုင်ကျွန်း | အလယ်ရေကျော်ရွာ |
| | | | လက်ပွတ္တာ | ၁ ရပ်ကွက် |
| | | | | စလူဆိပ်အုပ်စု၊ ပဒဲကောရွာ |
| | | | | ဘီတွတ်ကျေးရွာ |
| | | | | သိုက်ပန်းကုန်းကြီး ကျေးရွာ |

| | | | | |
|---|---|---|---|---|
| | | ဟသ်ာတ | မြန်အောင် | ၁ ရပ်ကွက် |
| | | | | ၂ ရပ်ကွက် |
| | | | | အင်ပင်ကျေးရွာ |
| | | | လေးမျက်နှာ | ခုံကြီးကျေးရွာ |
| | | | ဟသ်ာတ | တာကလေးရပ်ကွက် |
| ၉ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ပဲခူး | ရှင်စောပုရပ်ကွက် |
| | | | | ကမာနတ်ကျေးရွာ |
| | | | ညောင်လေးပင် | မြို့မ ၃ ရပ်ကွက် |
| | | | ကျောက်တံခါး | ဘိုးပိုက်ဆံ ၁ ရပ်ကွက် |
| | | | ဒိုက်ဦး | ပွင့်တကောင်းကျေးရွာ |
| | | တောင်ငူ | တောင်ငူ | ၂ ရပ်ကွက် |
| | | | | ၂၀ ရပ်ကွက် |
| | | | | ၂၂ ရပ်ကွက် |
| | | | | ၂၃ ရပ်ကွက် |
| | | | | သဲတောင်ရပ်ကွက် |
| | | | | မိုးကောင်းရပ်ကွက် |
| | | | | ဆိတ်ဖူးတောရွာ |
| | | | | ကံရိုးကျေးရွာ |
| | | | ရေတာရှည် | သိုင်းဂကျေးရွာ |
| | | ပြည် | ပြည် | မြောက်နဝင်းကျေးရွာ |
| | | | သဲကုန်း | ချမ်းမြေ့သာယာ ရပ်ကွက် |
| | | သာယာဝတီ | မင်းလှ | အုတ်တွင်းကျေးရွာ |
| | | | ကြို့ပင်ကောက် | ပန်းတင်ရပ်ကွက် |
| | | | | ရွာမမြောက်ရပ်ကွက် |
| | | | | စက်တိုင်ကုန်းရပ်ကွက် |
| | | | | သဲကုန်းရပ်ကွက် |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | မန္တလေး | ချမ်းမြသာယာရပ်ကွက် |
| | | | | သင်ပန်းကုန်းရပ်ကွက် |

| | | | | |
|---|---|---|---|---|
| | | | | အောင်သာယာ ရပ်ကွက် |
| | | | ချမ်းအေးသာစံ | အောင်တော်မူရပ်ကွက် |
| | | | မဟာအောင်မြေ | ရဲမွန်တောင်ရပ်ကွက် |
| | | | | စိန်ပန်းရပ်ကွက် |
| | | | ချမ်းမြသာစည် | ၆-၈ ရပ်ကွက် |
| | | | | ဆ/၉(၁၀) ရပ်ကွက် |
| | | | အမရပူရ | အိုးဘိုကျေးရွာ |
| | | | ပုသိမ်ကြီး | မြို့မရပ်ကွက် |
| | | | | နွယ်နီစံပြကျေးရွာ |
| | | ပြင်ဦးလွင် | မိုးကုတ် | ညောင်ပင်ကြီးရပ်ကွက် |
| | | | တကောင်း | |
| | | ကျောက်ဆည် | ကျောက်ဆည် | ငါးဆူကျေးရွာ |
| | | | မြစ်သား | ရီဝန်ရပ်ကွက် |
| ၁၁ | မကွေးတိုင်းဒေသကြီး | မကွေး | မကွေး | အောင်မေတ္တာ ဃ ရပ်ကွက် |
| | | | | ပြည်တော်သာရပ်ကွက် |
| | | မင်းဘူး | မင်းဘူး(စကု) မြို့နယ် | ရှုဝံကျေးရွာ |
| | | | | ရွှေပန်းရုံရပ်ကွက် |
| | | | | ထနောင်းတောကျေးရွာ |
| | | | | ဖလံတောကျေးရွာ |
| | | | ပွင့်ဖြူ | လက်ပန်နွယ်ကျေးရွာ |
| | | | ဆင်ဖြူကျွန်း | ပြန့်လွင့်ရပ် |
| | | သရက် | ဆင်ပေါင်ဝဲ | ကုန်းဘိုကျေးရွာ |
| | | | | ကျောသာကျေးရွာ |
| | | ပခုက္ကူ | ရေစကြို | သာစည်ကျေးရွာအုပ်စု နွေပင်ရွာ |
| | | | မြိုင် | သဖန်းကန်ရွာ |
| | | | ဆိတ်ဖြူ | |
| ၁၂ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | စစ်ကိုင်း | ရွှေမင်းဝံရပ်ကွက် |
| | | ရွှေဘို | ပင်လည်ဘူး | ဝမ်းဘဲအင်းကျေးရွာ |

| | | | | |
|---|---|---|---|---|
| | | | ရေဦး | အောင်ဆန်းရပ်ကွက် |
| | | | | အောင်မင်္ဂလာရပ်ကွက် |
| | | | | နေပူကုန်းရပ်ကွက် |
| | | | တန့်ဆည် | ကံထူးမကျေးရွာ |
| | | မုံရွာ | မုံရွာ | ရန်ကင်းရပ်ကွက် |
| | | | | ဒေါနခြံရပ် |
| | | | | အလယ်ရပ် |
| | | ကသာ | ကသာ | ကျောက်ကြီးကျေးရွာ |
| | | ခန္တီး | ဟုမ္မလင်း | ရွှေကူရပ်ကွက် |
| | | ယင်းမာပင် | ယင်းမာပင် | (က)ရပ်ကွက် |
| | | | ကနီ | မုဒြောရွာ |
| | | | ပုလဲ | ပါရမီရပ်ကွက် |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် မြောက်ပိုင်းခရိုင် | အင်းစိန် | အရှေ့ကြို့ကုန်း ရပ်ကွက် |
| | | | | ရွာမအရှေ့ရပ်ကွက် |
| | | | | နံ့သာကုန်းရပ်ကွက် |
| | | | မင်္ဂလာဒုံ | ပေါက်ကုန်းရပ်ကွက် |
| | | | | ထောက်ကြန့်ရပ်ကွက် |
| | | | | ပုလဲမြို့သစ်ရပ်ကွက် |
| | | | လှည်းကူး | ဆင်ငုံရပ်ကွက် |
| | | | | ဝါးကောက်ကျွန်း ရပ်ကွက် |
| | | | | နန္ဒိ ကျေးရွာအုပ်စု |
| | | | လှိုင်သာယာ | ၁၀ ရပ်ကွက် |
| | | ရန်ကုန် အရှေ့ပိုင်းခရိုင် | သဃ်န်းကျွန်း | ဆ/ခ ရပ်ကွက် |
| | | | | ၂၉ ရပ်ကွက် |
| | | | | စံပြရပ်ကွက် |
| | | | ရန်ကင်း | ၅ ရပ်ကွက် |
| | | | | ၁၁ ရပ်ကွက် |
| | | | တောင်ဥက္ကလာ | ၁၂ ရပ်ကွက် |

| | | | | |
|---|---|---|---|---|
| | | | မြောက်ဥက္ကလာပ | ၈ ရပ်ကွက် |
| | | | | ၁၂ ရပ်ကွက် |
| | | | | ၂၁ ရပ်ကွက် |
| | | | | ရွှေပေါက်ကံရပ်ကွက် |
| | | | သာကေတ | ရှုခင်းသာရပ်ကွက် |
| | | | ဒေါပုံ | ဗိုလ်ထွန်းဇံရပ်ကွက် |
| | | | တာမွေ | ၁၀ ရပ်ကွက် |
| | | | | မအူကုန်းရပ်ကွက် |
| | | | | မေတ္တာညွန့်ရပ်ကွက် |
| | | | | ပျားရေကုန်းရပ်ကွက် |
| | | | ပုဇွန်တောင် | ၂ ရပ်ကွက် |
| | | | | ၇ ရပ်ကွက် |
| | | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၅ ရပ်ကွက် |
| | | | | ၅၄ ရပ်ကွက် |
| | | | | ၅၆ ရပ်ကွက် |
| | | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၄၂ ရပ်ကွက် |
| | | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ရွာသာကြီးကျေးရွာ |
| | | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၉၄ ရပ်ကွက် |
| | | | မင်္ဂလာတောင်ညွန့် | ကန်ရှေ့ရပ်ကွက် |
| | | ရန်ကုန်တောင်ပိုင်းခရိုင် | သန်လျင် | အောင်ချမ်းသာရပ်ကွက် |
| | | | | အမှုထမ်းရပ်ကွက် |
| | | | ဒလ | မြို့မ ၄ ရပ်ကွက် |
| | | ရန်ကုန်အနောက်ပိုင်းခရိုင် | အလုံ | ဆင်မင်းရပ်ကွက် |
| | | | | ဌာနရပ်ကွက် |
| | | | ကြည့်မြင်တိုင် | ကရင်အမျိုးသားရပ်ကွက် |
| | | | | မကျည်းတန်းအရှေ့ရပ်ကွက် |

| | | | | |
|---|---|---|---|---|
| | | | စမ်းချောင်း | လင်လွန်းမြောက်ရပ်ကွက် |
| | | | | မုန့်တောင်ရပ်ကွက် |
| | | | | ကျွန်းတောအရှေ့ရပ်ကွက် |
| | | | | မြေနီကုန်း-တောင်ရပ်ကွက် |
| | | | | ဦးဖိုးရပ်ကွက် |
| | | | | သီခေမာရပ်ကွက် |
| | | | လှိုင် | ၇ ရပ်ကွက် |
| | | | | ၁၃ ရပ်ကွက် |
| | | | | လှိုင်နယ်မြေ |
| | | | ကမာရွတ် | ၁ ရပ်ကွက် |
| | | | | ၅ ရပ်ကွက် |
| | | | မရမ်းကုန်း | ၂ ရပ်ကွက် |
| | | | | ခဝဲခြံရပ်ကွက် |
| | | | ဒဂုံ | ယောမင်းကြီးရပ်ကွက် |
| | | | ဗဟန်း | ဆရာစံရပ်ကွက် |
| | | | | ဗိုလ်စိန်မှန်ရပ်ကွက် |
| | | | | ဗိုလ်ချို ၁ ရပ်ကွက် |
| | | | | ရွှေဂုံတိုင်တာဝါ |
| ၁၄ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ထားဝယ် | ဘုမ္မော်ရပ်ကွက် |
| | | | | ဂုံညှင်းဆိပ်ကျေးရွာ |
| | | | | ဘဝပင်ချောင်းဖျားကျေးရွာ |
| | | | | ဝဲကျွန်း ထိန်လယ်ကျေးရွာ |
| | | | | ကြက်စားပြင်ရပ် |
| | | | | ပကာရီးကျေးရွာ |
| | | | လောင်းလုံ | မောင်းမကန်( ၁၂ )ရပ်ကွက် |
| | | | | လောင်းလုံရွာ |

| | | | | |
|---|---|---|---|---|
| | | | သရက်ချောင်း | ပန်းတောရပ်ကွက် |
| | | | | ကျွဲခြံရပ်ကွက် |
| | | | | ချောက်ချောင်းကျေးရွာ |
| | | | | အလယ်စုရွာ |
| | | | | ပိန်းတောကျေးရွာ |
| | | | ရေဖြူ | နဘုလယ်ကျေးရွာ |
| | | | | သစ်ထောင့်ရွာ |
| | | | | သဘွတ်ချောင်းကျေးရွာ |
| | | မြိတ် | မြိတ် | မြိတ်တောင်ရပ်ကွက် |
| | | | | ကန်ခေါင်းရပ်ကွက် |
| | | | | သန်းဖိုရပ်ကွက် |
| | | | | ကန်ဖျား ရပ်ကွက် |
| | | | | သဘွတ်ကျေးရွာ |
| | | | | ရေပုန်းရပ်ကွက် |
| | | | | မြို့သစ်တံတားဦး ရပ်ကွက် |
| | | | | မြို့သစ်ရပ်ကွက် |
| | | | ကျွန်းစု | ဝါးအော်ကျေးရွာ |
| | | | | စခန်းသစ်ကျေးရွာ |
| | | | ပုလော | ၂ ရပ်ကွက် |
| | | | | ၃ ရပ်ကွက် |
| | | | | ပုလောကုန်းကျေးရွာ |
| | | ကော့သောင်း | ကော့သောင်း | ရွှေဇင်ယော် ရပ်ကွက် |
| | | | | မကြုံ့ဂလက်ကျေးရွာ |


Sandhi
တိုက်အမှတ်(၁၈၆)၊ အခန်း(၆၀၂/၆လွှာ)၊ နဝရတ်စင်တာ
အမှတ်(၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ ၇၃၀ ၇၄၂၁၉
Email: sandhi.info@gmail.com
Website: sandhimyanmar.org